
Wine
(Mg)
သူသာလျှင် မူပိုင်ရှင်

## အခန်း(၁)

"ဟင်"

ကားမှန်ပြတင်းပေါက်ပေါ် လာရောက်ထိမှန်သော မိုးရေစက်တွေ ကြားထဲမှ တွေ့လိုက်ရသော ပုံရိပ်နှစ်ခု…

"ဦး … ဦးလေး ခဏ … ဆင်းဦးမယ်"

ပြန်ပိတ်စပြုနေတဲ့ ကားတံခါးကြောင့် ဒါဒါနေရာမှထရင်း ကမန်းကတန်း အော်လိုက်သည်။ တံခါးဝအရောက်နဲ့ တံခါးပြန်အပွင့်နဲ့ ကွက်တိ။ ကပျာကယာ ကားပေါ်မှ ဆင်းလိုက်ချိန်မှာ ဒါဒါမြင်လိုက်တဲ့ ပုံရိပ်နှစ်ခုက ခပ်လှမ်းလှမ်း ရောက်လို့နေပြီ။ ခပ်ပြင်းပြင်း ခန္ဓာကိုယ်ကို လာရောက်ထိမှန်သော မိုးရေစက်များကို ဒါဒါ ဂရုမပြုနိုင်။ တစ်ခဏအတွင်း မိုးရေစိုရွှဲပြီး ကြွက်စုတ်ဖြစ်သွားသော ခန္ဓာကိုယ်ကို စိတ်မဝင်စားအား။ ထီးတစ်ချောင်းတည်း အောက်က တစ်ယောက်ကို တစ်ယောက် တင်းကျပ်စွာ ဖက်တွယ်ပြီး အပြုံးချင်း ဖလှယ်နေတဲ့ စုံတွဲတစ်တွဲ နောက်ကိုသာ ဒါဒါ အရူးတစ်ယောက်လို လိုက်ခဲ့မိသည်။

သူမ အတွက် မဟုတ်တော့တဲ့ အပြုံးတွေ … သူမ လက်လွှတ် ဆုံးရှုံးခဲ့ရတဲ့ ကြင်နာမှုတွေ…သူမ မကြားခဲ့ရတဲ့ ချစ်ခြင်းစကားတွေကို သူမ မဟုတ်တဲ့ တခြားသူ တစ်ယောက် ရရှိပိုင်ဆိုင်နေတာ မြင်တိုင်း ဒါဒါ ရင်မှာ မွန်းကျပ်နာကျင်ရဆဲ။

ဆက်ဆံရေးတွေ အေးစက်သွားတော့မှ လွဲခဲ့ပြီဆိုတဲ့ အသိက ဒါဒါ့ကို

တော်တော်နဲ့ နလန်မထူနိုင်အောင် ဖြစ်စေခဲ့ပြီးပြီ။

အရာအားလုံး နောက်ကျခဲ့ပြီးမှ အချစ်တစ်ခုကို သိပြီး မပိုင်ဆိုင်လိုက်ရတဲ့ အရှုံးသမား အဖြစ်ကို တခြားသူရဲ့ ရင်ခွင်ထဲက သူက သိမှာတောင် မဟုတ်။

ကောင်မလေးရဲ့ ပခုံးကို တင်းတင်းဖက်...၊ အပြုံးလှလှလေးတွေနဲ့ စကားချိုချိုလေးတွေပြော ...၊ ကောင်မလေးရဲ့ မျက်နှာရိပ် မျက်နှာကဲကို တစိမ့်စိမ့်ကြည့်နေတဲ့ သူက အနောက်က တိတ်ဆိတ်စွာ လိုက်လာမိတဲ့ ဒါဒ့ါအဖြစ်ကို သတိတောင် ထားမိပုံမရ။

မိုးရေတွေနဲ့ ရောထွေးသွားတဲ့ ဒါဒ့ါရဲ့ မျက်ရည်တွေကို မမြင်တော့သလို၊ မျက်ရည်တွေ သုတ်ပြီး မိုးရေရွှဲနေတဲ့ ဒါဒ့ါအတွက် ထီးလာမိုးပေးမယ့် လက်တစ်စုံ ပျောက်ရှသွားတော့မှ သိခဲ့ရတဲ့ အမှန်တရား တစ်ခုက ... သူသာလျှင် နှလုံးသားရဲ့ မူပိုင်ရှင် ဖြစ်ခဲ့သည်ဆိုတာပင်။

သို့ပေမဲ့ အရာအားလုံး နောက်ကျသွားခဲ့ပြီးပြီ။ အခုမှတော့ နောင်တတွေနဲ့ ရင်ကွဲနာကျရုံမှ တစ်ပါး ဒါဒါ ဘာများတတ်နိုင် ဦးပါ့မလဲ။

***

"ကြည့် ... ထီးယူမသွားပြန်ဘူး မိဒါဒါတို့ကတော့"

ကြွက်စုတ်ဖြစ်ပြီး ပြန်လာတဲ့ ဒါဒ့ါကို ထုံးစံအတိုင်း ပူညံပူညံလုပ်နေသောမား။ ဖောင်းအစ်နေတဲ့ မျက်ဝန်းတွေ မား မြင်မှာစိုးလို့ ဒါဒါ အိမ်ခန်းထဲ အပြေးဝင်လာခဲ့သည်။

"အစိုတွေ သေချာချွတ် ... ခေါင်းကို သေချာမှုတ်နော် ... ပြီးရင် ရေနွေးပူလေး လာသောက်ဦး ... တန်းမအိပ်နဲ့"

ဒါတောင် အခန်းဝကနေ အော်နေသေးတဲ့ မား။

"ဟုတ် ... "

ဒါဒါ မတုံ့ပြန်မချင်း မား စိတ်ချမှာမဟုတ်တော့ အသံပြန်ပြုလိုက်ရသေး။ ထိုအခါကျမှ မား စိတ်ချလက်ချ ပြန်ထွက်သွား၏။

တိတ်ဆိတ်နေတဲ့ အခန်းကျဉ်းလေးထဲမှာ လွမ်းစိတ်က ထလာပြန်တော့ ဒါဒါ အားကိုး ရှာလိုက်မိသည်။

ရေစိုနေတဲ့ အိတ်ထဲက ဖုန်းကိုထုတ်ပြီး ဖူးပွင့်နဲ့ မေသာ့ ဆီ message လှမ်းပို့လိုက်သည်။

"ငါ အသည်းကွဲလာတယ်"

message ပို့ပြီး ရေစို အဝတ်တွေ လဲနေတုန်း ပြန်ရောက်လာသော message နှစ်ကြောင်း ...

"ကွဲပြန်ပြီလား ... ငါ မအားဘူး ... သင်တန်းမှာ" ဆိုတဲ့ မေသာကျော် ရဲ့ message။

"မသေနဲ့ဦး ... ငါ ဆိုင်မှာ ... မုန့်အသစ်လုပ်နေတယ် ... မအားသေးဘူး ... " ဆိုတဲ့ ဖူးပွင့်ရဲ့ message။ အေးရော။ သိပ်ချစ်ဖို့ကောင်းတဲ့ သူငယ်ချင်းတွေ ရထားတော့ ဒါဒါ ဖုန်းပိတ်အိပ်ရုံပဲ ရှိတော့သည်။ အိပ်ခြင်းက ဝမ်းနည်းစိတ်ကို ကုစားနိုင်စွမ်း ရှိတယ်ဆိုတော့ ဒါဒါ အိပ်ဖို့ပဲ ကြိုးစားလိုက်တော့သည်။ အိပ်ရာပေါ်လဲပြီး မှေးခနဲ တစ်ချက် အိပ်ပျော်သွားစဉ် ...

"ဒုန်း ... ဒုန်း"

"ဒါဒါ ... ဟဲ့ ဒါဒါ"

တံခါးကို ထုသံနဲ့အတူ ကြားလိုက်ရတဲ့ ဟိုနှစ်ကောင့် အသံကြောင့် ဒါဒါ မျက်လုံး ပြူးသွားသည်။

"ဟဲ့ ကျော်ကြီး အထဲက အသံမကြားဘူး ... သတ်များ သေသွားပြီလားမသိ"

"ရဲစခန်း အရင် အကြောင်းကြား ထားမလား ... တော်ကြာ ငါတို့ အမှုပတ်နေဦးမယ်"

"အေး ... ခေါ်လိုက်"

"ငါက ရဲစခန်းခေါ်ထားမယ် နင်က နင့်ကိုယ်လုံးနဲ့ တံခါးကို တိုက်ဖွင့်ထား"

"အေး"

ကြားလိုက်ရတဲ့ အသံတွေကြောင့် ဒါဒါ အလန့်တကြား ပြုံးပြုံထရင်း တံခါးကပျာကယာ ထဖွင့်ပေးလိုက်ရသည်။ မဟုတ်ရင် ဝက်မ ဖူးပွင့်လုပ်လို့ အိမ်ပြိုမယ့်ကိန်း။

"ဟား ... အသက် ရှိသေးတယ်ဟ ... "

တံခါးပွင့်ပြီး ဒါဒါ့ကို အတောင့်လိုက်ကြီး တွေ့တော့မှ ဖူးပွင့် မေသာ့ကို လက်သွားကုတ်၏။ ဒါဒါ နှစ်ကောင်စလုံးကို ဒိုင်းခနဲ မျက်စောင်းစာအရင် ကျွေးလိုက်သည်။

"ပြောတော့ သင်တန်းမှာဆို ... ဆိုင်မှာဆို ... အခု ဘာလာလုပ်တာလဲ ပြော"

"အေးဟ့ သင်တန်းမှာပဲဟ ... တော်ကြာ နင့်စျာပန မမီလိုက်ရမှာစိုးလို့ Taxi နဲ့ ပြန်လစ်လာတာ"

မေသာကျော်က ဘောက်ဆတ်ဆတ်ပြောရင်း အခန်းထဲဝင်ကာ အိပ်ရာပေါ် အခန့်သားတက်ထိုင်၏။ ဖူးပွင့်ကတော့ လက်ထဲက မုန့်ထုတ်ကြီးပြကာ ...

"နင့်ကို မကျွေးလိုက်ရမှာစိုးလို့" တဲ့။

တော်တော်ချစ်ဖို့ ကောင်းလိုက်တဲ့ သူငယ်ချင်းတွေ။ ဘာပဲပြောပြော သူတို့ရောက်လာတော့ ဒါဒါ ရင်ထဲနေသာထိုင်သာ ရှိသွားပြီး ဝေဒနာတွေ လျော့သွားသလိုလို။

"လာ ... ဒီမှာ ဆိုင်က မုန့်တွေ မလာတယ် ... အသည်းကွဲရင် အစားများများ စားရတယ်ဟ"

အစားသမား ဖူးပွင့်က လက်ထဲပါလာတဲ့ ပီဇာ နဲ့ အာလူးချောင်းကြော်တွေ ထုတ်၊ color ဘူးကိုဖောက်နေ၏။

"လာ ... ဒါဒါထက် ရဲ့ အသည်းထပ်ကွဲခြင်း အတွက် ... ချီးယား"

ဖူးပွင့် ကမ်းပေးတဲ့ color ဘူးကို မရင်း ဒါဒါ တို့သုံးယောက် ဘူးချင်း တိုက်လိုက်သည်။

"ချီးယားစ်"

မိုးအေးအေးမှာ color အေးအေး သောက်ပြီး ၃ယောက်စလုံး စောင်ထဲ ဝင်ခွေလိုက်ကြသည်။

"ကဲ ... ပြောပါဦး ... ဟိုကောင် နောက်တစ်ယောက် တွဲလာပြန်ပြီလား"

"အင်း"

"ဒါနဲ့ဆို"

"၁၃ ယောက်မြောက်"

"နင့် အသည်းကလည်း"

"၁၃ ကြိမ်မြောက် ကွဲခြင်းပေါ့"

"ဟင်း"

သုံးယောက်သား ပြိုင်တူ ချလိုက်မိတဲ့ သက်ပြင်း။

"ဘာလို့ ငါ မဖြစ်ရတာလဲ"

၁၃ ကြိမ်မြောက် မေးခွန်းကို ဒီတစ်ခါတော့ ဘယ်သူမှ မဖြေကြ။ အရင်က လို "ငါတို့ပြောခဲ့တုန်းက နင်က ဂရုမှမစိုက်ခဲ့တာ" ဆိုပြီးလည်း ထမဝေဖန် တော့။ အတန်ကြာ ငြိမ်သက်ပြီးသွားမှ ဆက်ခနဲ ထထိုင်လိုက်တဲ့ မေသာ။

"ဘာလို့မဖြစ်ရမှာလဲ"

မေသာကျော့ စကားကြောင့် ဖူးပွင့်ရော ဒါဒါပါ ထထိုင်လိုက်ပြီး တစ် ယောက်မျက်နှာ တစ်ယောက် ကြည့်ကြသည်။

"နင် ဖွင့်ပြောခဲ့ဖူးလို့လား"

"အမ်"

"မအမ်နဲ့ ... ရော့ ... ဖုန်းဆက်လိုက်"

ချက်ချင်း ဒါဒါ့လက်ထဲကို မေသာကျော် ဖုန်းထိုးထည့်ပေးနေ၏။

"ဖုန်းဆက်ပြီး ဖွင့်ပြောလိုက် ... ရှင်ရင်ရှင်မယ် ... သေရင်သေမယ် ... အခု လို မသေမရှင်ဖြစ်နေတာ ထက်စာရင် ဖွင့်ပြောပြီး အသေခံလိုက်"

မေသာက ပြတ်သည်။ သူ ဒါဒါ့ အဖြစ်ကိုကြည့်ပြီး စိတ်ရှည်တော့ပုံမရ။

"အေး ဟုတ်တယ် ... လုပ်ဟာ ဒါဒါ ... အဖြေတစ်ခု တိတိကျကျ သိဖို့လို ပြီ"

ဖူးပွင့်ကပါ မြှောက်ပေးနေသလို ...

"စိတ်ချ ... နင်ဖြစ်စေချင်တဲ့အတိုင်း ဖြစ်စေရမယ် ဒါဒါ ... ဒီနေ့ကစပြီး ငါ့ ကို လာဖွင့်ပြောတဲ့ မိန်းကလေးမှန်သမျှ ငါ့ ရည်းစား ဖြစ်စေရမယ်"

နားထဲ ပြန်ကြားယောင်လာသော စကားတစ်ခွန်း။ ပြီးတော့

အရှင်လတ်လတ် ငရဲခံနေရတဲ့ ဘဝတစ်ခုကို အဆုံးသတ်ပစ် ချင်နေမိတဲ့ ဒါဒါ ချက်ချင်း ဖုန်းကို ဖွင့်လိုက်သည်။ အသည်းနှလုံး ပုံလေးတွေနဲ့ အမည်လေး တစ်လုံးကို နှိပ်ပြီး ဖုန်းခေါ်လိုက်တော့ ဟိုနှစ်ကောင် မျက်လုံး အဝိုင်းသားလေးတွေနှင့် ဒါဒါ့ အနားတိုးကပ် လာကြသည်။

"Hip Hop သီချင်းများကို စိတ်မဝင်စားတဲ့ ကတ္တီပါဖိနပ်စီးပြီး လမ်းလျှောက်သွားတဲ့ ကတ်ဆတ်မကြိုက်တဲ့ ကိုယ့်ရဲ့ ကောင်မလေး ... စကားတွေ ပြောနေရင်းလည်း အဝေးကိုငေး"

ဖုန်းခေါ်ဆိုနေတဲ့ သီချင်းသံကြားပြီး ဒါဒါ မျက်မှောင်ကြုတ် မိသွားသည်။ ထည့်ထားတဲ့ သီချင်းက စိုင်းစိုင်းခမ်းလှိုင်ရဲ့ နွေရာသီလမ်းခွဲ။ သီချင်းက အတော့်ကို ကြာလို့နေပြီ။ ဘာစိတ်ကူးပေါက်ပြီး ထည့်ထားလဲမသိ။

"ဘာလဲ ... ဘာတဲ့လဲ ... ငါတို့ အခေါင်းရိုက်ထား ရတော့မှာလား"

"၆ ပေ ၃ ပေ ဆိုရလား"

အရေးတည်း ဒါဒါ့ မျက်နှာ အမူအရာကိုကြည့်ပြီး ဒါဒါ့ထက် ပိုသွေးပျက်နေသော ဟိုနှစ်ကောင်။ ဒါဒါ တိုးတိုးနေဆိုပြီး မျက်ရိပ်ပြနေတုန်း။

"အင်း ... ဒါဒါ ပြော"

တစ်ဖက်က ထွက်လာသော အသံကြောင့် ဒါဒါ ခါးရိုးတွေ ဆတ်ခနဲ မတ်သွားပြီး ရင်ထဲဒိန်းခနဲ။ မကြားရတာကြာပြီ ဖြစ်သော အသံလေးကြောင့် ရင်ထဲ တလှပ်လှပ်နဲ့ ရုတ်တရက် ဘာပြောရမှန်းမသိ။

"ဟဲလို ... ဟဲလို ... ဒါဒါ"

တစ်ဖက်က အဆက်မပြတ် ခေါ်နေသလို ဒါဒါ့ ခါးကိုတို့ရင်း သတိပေးနေသော ဟိုနှစ်ယောက်။ ဒါဒါ မျက်လုံးကို စုံမှိတ်ရင်း စိတ်ကို ဒုံးဒုံးချပြီး ပြောချလိုက်တော့သည်။

"ငါ နင့်ကို ချစ်တယ် " ... " ငါ့ကို နင့်ရဲ့ ကောင်မလေး ဖြစ်ခွင့်ပေးပါလား"

ဒါဒါရဲ့ စကားအဆုံးမှာ တစ်ဖက်က စကားသံတိတ်ဆိတ် ငြိမ်သက်ကျသွား၏။

တစ်စက္ကန့် ...

နှစ်စက္ကန့် ...

သုံးစက္ကန့် ...

အချိန်တွေ တစ်ဒက်ဒက် ရွေ့လျားသွားသလို ဒါဒ့ါ နှလုံးသွေးများကလည်း တဖျပ်ဖျပ်ဖြင့် အဖြေတစ်ခုကို စောင့်ဆိုင်းလျက် ... ...

***

(လွန်ခဲ့သော ၅ နှစ် ...)

"အခုချိန်ကစပြီး ... အမှတ်( ... ) အခြေခံပညာ အထက်တန်းကျောင်းရဲ့ ပညာရည်ချွန်ဆုပေးပွဲ အခမ်းအနား စတင်တော့မှာ ဖြစ်သည့်အတွက် ... ... "

"ဟာ ... မား ... အခမ်းအနား စတော့မယ် မြန်မြန်လာ"

ကျောင်းခန်းမထဲက အော်နေပြီဆိုတော့ ဒါဒါ တစ်ယောက် လောလေပြီ။

"အောင်မာ ... ကုလားသေ ကုလားမော သေနေပြီးတော့မှ အခုမှ လာပြာမနေနဲ့ မိဒါဒါ ... နေဦး ... ဒီကိုလာဦး"

ပုဝါစိမ်းကြီး တစ်ကားကား၊ တိုနနဆံပင်ကို နှစ်ဖက်ခွဲပြီး ခပ်မြင့်မြင့်စုစည်းထားတော့ ဆံပင်က တစ်ထောင်ထောင်နဲ့၊ လူစုံနေတဲ့ ခန်းမထဲ ဝင်တိုးဖို့ကြံနေသော ဒါဒ့ါကို လှမ်းဆွဲနေသော မား။

"လာ ... ဒါဝတ်စမ်း"

လည်ပင်းပေါ် ကျလာသည့် ရွှေရောင်တဖျတ်ဖျတ် ရွှေဆွဲကြိုး တစ်ကုံးက ဒါဒါ အတွက် အထူးအဆန်း ဖြစ်လို့နေ၏။

"မား ... ဒါ ဘယ်က ဝယ်လာတာလဲ"

"ဈေးက ဝယ်လာတာပေါ့ဟ"

"အစစ်လား"

"တိတ်တိတ်နေစမ်း ... ဘယ်က ပိုက်ဆံရှိလို့ အစစ်ဝယ်ရမလဲ ... စကား ကိုများတယ် ... ဆုတက်ယူတဲ့လူက လူရှိသေရှင်ရှိသေအောင် ရွှေရောင် လေးတော့ ပြဦးမှပေါ့အေ့"

မား ပြောမှ ဒါဒါ ခန်းမထဲ ဝေ့ကြည့်လိုက်မိသည်။ ဟုတ်ပ။ ဆုယူမည့်သူ တွေ နေရာမှာ ရွှေရောင်တွေကို လက်လက်ထလို့။ အခုမှကြည့်မိသည်။ မား လည်မှာရော လက်မှာရောရွှေတွေမှ ဝင်းလို့။

"ရောမ ရောက်ရင် ရောမလို ကျင့်ရမယ်အေ့ ... ဒါက မြို့ကြီးပြကြီး နယ် မဟုတ်ဘူး။ ရုံးစာရေးကြီး ကတော်ဆိုတဲ့ သိက္ခာတော့ ထိန်းရမယ်"

ဇာပုဝါကြီး ဖြန့်ခြုံပြီး လက်ကိုင်အိတ်ကို ဟန်ကျပန်ကျ ချိတ်ကိုင်နေသော မားကို ဒါဒါ မျက်လုံး အပြူးသားလေးနှင့် ကြည့်နေမိသည်။

အရင် နယ်ကျောင်းက ဆုပေးပွဲ ဆိုရင် မားက ဒါဒါ နောက် လိုက်တာ တောင် မဟုတ်။ အခု ဒီမြို့ကျောင်းရောက်မှ ဟန်တစ်ခွဲသား ဖြစ်နေသော မားကို ဒါဒါ နားကိုမလည်တော့။

"ကဲ သွားထိုင်တော့"

မားက ဒါဒါ ရဲ့ အဖြူအစိမ်းကို သေချာပြုပြင်ပေးပြီး လွှတ်လိုက်တော့မှ ဆုယူမည့်သူများအတွက် သီးသန့်ခုံတွေရှိရာကို ရွှေဆွဲကြိုးအတုကြီး တကားကားနဲ့ ဒါဒါလျှောက်လာလိုက်သည်။ ခုံတွေပေါ်မှာ ဒါဒါ့လို ဆုယူ

မယ့်သူတွေ ပြည့်နေပေမဲ့ ဒါဒါ့ကို ဒီမှာလာထိုင်ပါဆိုပြီး တစ်ယောက်မှ အဖတ်လုပ် ခေါ်မည့်သူမရှိ။

အေးလေ ... ဒါဒါက ဒီကျောင်းကို ဒီနှစ်မှပြောင်းလာသူ ဆိုတော့ အသိက မရှိ။ ရတဲ့အခန်းက (F) အခန်း။ အဲဒီတော့ အခန်းထဲက အတန်းဖော်တွေက ဒီလိုနေရာ ရောက်လာစရာ အကြောင်းကို မရှိတော့ ဒါဒါ့မှာ တစ်ယောက်တည်း ငေါင်တောင်တောင်။ စာစီစာကုံးမှာ တတိယ ဝင်ထား လို့သာ ဒီနေရာ ဒါဒါ ရောက်နေတာ။ မဟုတ်ရင် ဝေးရော။ မြို့ကြီးပြကြီး ပညာရေးက ဒါဒါ တိုးဖို့မလွယ်။

တစ်ယောက်တည်း ကုပ်ချောင်းချောင်းနဲ့ လျှောက်လာရင်း လှမ်းမြင် လိုက်ရသည့် ပြတင်းပေါက်နားက လွတ်နေသော ခုံ ၂ခုံ။ ဒါဒါ ဝမ်းသာ အားရ လျှောက်အလာ ...

"ဟင်"

လွတ်နေတဲ့ ခုံ ၂ ခုံရဲ့ ဘေးက ခုံပေါ်မှာ ထိုင်နေသော သူ တစ်ယောက်ကို အခုမှ ဒါဒါ သေချာမြင်လိုက်ရသည်။ အားလားလား ... ချောလိုက်တာ။

ရှင်းသန့်ပြီး ချောမွေ့သော မျက်နှာလေးနဲ့ အနက်ရောင် ဘောင်ကွပ် မျက်မှန်လေး ဝတ်ထားတဲ့ သူ့ကို မြင်ပြီး ဒါဒါ ထိုင်ဖို့တောင် သတိမရတော့ ပဲ ငေးခနဲ ဖြစ်သွားသည်။ တိုက်ပုံ အဖြူရောင်လေးကို သေသေသပ်သပ် လေး ဝတ်ထားပြီး လူကြီးလေး တစ်ယောက်လို တည်ငြိမ်လွန်းသော သူက ဘယ်အတန်းကပါလိမ့်။ အတွေးနယ်ချဲ့ပြီး မတ်တတ်ကြီးနဲ့ ပေါ်တင်ကြီး ငေးနေမိတဲ့ ဒါဒါ့ဆီ ဖျတ်ခနဲ ရောက်လာသော အနက်ရောင် ဘောင်ခတ် မျက်ဝန်း တစ်စုံ။ မျက်မှန်လေးနောက်က မျက်ဝန်း နွေးနွေးတွေနဲ့ အကြည့် ချင်း ဆုံသွားတော့ ဒါဒါ ရုတ်တရက် ဘာလုပ်ရမှန်းမသိ ထူပူသွားသည်။

"ဟို ... ဟို ထိုင်ရမလား ... အဲ ထိုင်လို့ရလား ... ဟုတ်ပါဘူး ထိုင်မယ်နော်

... ကိုကို"

မျက်နှာတွေပူပြီး ပါးစပ်ထဲက အစီအစဉ်မတည့် မေးခွန်းတွေနဲ့အတူ မရည်ရွယ်ပဲ ထွက်သွားသော အသုံးအနှုန်းတစ်ခု။ သေစမ်း ... ကိုကိုတဲ့။ သိလည်းမသိပဲနဲ့ မိဒါဒါရယ်။

ခေါ်ပြီးတော့မှ ဒါဒါ ပိုရှက်သွားပြီး ကိုယ့်ခေါင်းကို ပြန်ထုလိုက်မိသည်။ စိတ်များ ဆိုးသွားလားဆိုပြီး သူ့ဆီ မရဲတရဲလှမ်းကြည့် လိုက်တော့ ဒါဒါ ထင်ထားသလိုမဟုတ် ...

"ထိုင်လေ"

နှုတ်ခမ်း ပါးပါးလေးတွေကို ကွေးညွှတ်ပြီး ဒါဒါ့ကို ပြုံးပြနေသော သူ။ သူ့အပြုံးတွေက နှစ်လိုဖွယ် ကောင်းလွန်းတာကြောင့် ဒါဒါ ငေးမိသွားပြန်ပြီ။

"ဟင်"

ဒါဒါ အငေးလွန်နေချိန်မှာ ဖျတ်ခနဲ သူ့အနားကခုံကို ဝင်ထိုင်လိုက်သော ကောင်လေး တစ်ယောက်။

"ဟဲ့ အဲဒါ ငါ့ခုံ"

ဒါဒါ အခုမှ သတိဝင်ပြီး ထအော်တော့ ခုံပေါ်ထိုင်ပြီးသား ကောင်လေးက မှုန်ကုပ်ကုပ်နဲ့ မော့ကြည့်သည်။

"ဒီမှာ လွတ်နေတာပဲ ... ထိုင်ပါ့လား"

ကောင်လေးက သူ့အနားကခုံကို မေးငေါ့ပြပြီး ပြောတော့ ဒါဒါ့ ခမျာ မကျေနပ်ပေမဲ့ ဘာမှမပြောနိုင်။ အခမ်းအနားက စတော့မှာဆိုတော့ လွတ်နေတဲ့ ခုံကိုပဲ ဆူဆူပုတ်ပုတ်နဲ့ ဝင်ထိုင်လိုက်ရသည်။

အခမ်းအနားစပြီး ဆရာမကြီး မိန့်ခွန်းပြောနေပေမဲ့ ဒါဒါ စိတ်မဝင်စားနိုင်။ တစ်ခုံကျော်က မျက်မှန်လေးကို ခိုးခိုးကြည့်ပြီး ဒါဒါ အလုပ်ရှုပ်နေ၏။

သို့ပေမဲ့ မြင်ကွင်းထဲ ဝင်ဝင်လာသော ခေါင်းတစ်ခေါင်းကြောင့် သေချာတောင် မငမ်းနိုင်။ မကျေမနပ်နဲ့ ဘေးခုံက ဟာလေးကို ဒိုင်းခနဲ မျက်စောင်းခဲပြီး သေချာကြည့် လိုက်မိသည်။

ကြည့်ပါဦး။ ယောက်ျားလေးဖြစ်ပြီး မျက်နှာမှာလည်း မိတ်ကပ်တွေလား ...၊ သနပ်ခါးတွေလားမသိ ...၊ ဖွေးလို့ မွှန်လို့။ ခေါင်းက လိမ်းထားတဲ့ အုန်းဆီကလည်း နဖူးကို သိမ်းပိုက်ပြီး မျက်ခုံးထိတောင် ရောက်နေပြီ။ အသားကတော့ ဖွေးလွန်းတာထက် ပိုနေသည်။

မိန်းကလေးတွေထက် သွယ်သော လက်တွေ ခြေထောက်တွေပေါ်မှာ သွေကြော စိမ်းဖန့်ဖန့်တွေတောင် အတိုင်းသား မြင်နေရသည်။ နှုတ်ခမ်းနီတွေများ ဆိုးလာလားမသိ နှုတ်ခမ်းသားတွေက သာမန်ထက် ပိုရဲနေသယောင်ယောင်။ လူက ပိန်တော့ ဝတ်ထားတဲ့ တိုက်ပုံက ပွတတ။ အသက်ကတော့ ဒါဒါနှင့်ရွယ်တူ ဖြစ်မယ်ထင်သည်။ ဒါပေမဲ့ အရပ်က ဒါဒါထက်နိမ့်ပုံရသည်။ ထိုင်နေတဲ့ပုံကိုလည်း ကြည့်ဦး ခြေတစ်ဖက်ကို ချိတ်ရင်း လက်ကိုပိုက်ထား၏။ တကယ့်ကို ဆိုက်ပိ။

ဒါဒါ စိတ်ပျက်လက်ပျက် ခေါင်းခါရင်း ဆိုက်ပိဆီက မျက်နှာလွှဲလိုက်ပြီး ကိုကို့ကိုသာ ပြန်ငမ်းနေလိုက်သည်။ အသက်က ရွယ်တူလောက် ထင်ရပေမဲ့ အမူအရာတွေက တည်ငြိမ်လွန်းတော့ ဒါဒါ စိတ်ထဲကနေ ကိုကိုလို့သာ ခေါ်လိုက်မိသည်။

"ဟဲ့ ... တစ်ရှူးပါလား"

ငေးကောင်းနေတုန်း ဘေးက ဆိုက်ပိဆီက ထွက်လာသော အသံ။ ဒါဒါ လှမ်းကြည့်တော့ ဆိုက်ပိရပ်က မှုန်ကုပ်ကုပ်။ ခေါင်းက အုန်းဆီက နားထင်အထိ ကျလာတော့ အနေရခက်နေတဲ့ပုံ။ ဆိုက်ပိကိုကြည့်ပြီး ဒါဒါ ရယ်ချင်စိတ်က မထိန်းနိုင်တော့ပဲ ခွီးခနဲ ရယ်လိုက်မိသည်။

"လက်ကိုင်ပုဝါပဲ ပါတယ်"

လက်ထဲက လက်ကိုင်ပုဝါကို လှမ်းပေးလိုက်တော့ ဆိုက်ပိ ဒါဒ့ါကို ဘုကြည့်ကြည့်သည်။ သူ့ကို ရယ်လိုက်တော့ သိပ်ကျေနပ်ပုံမရ ...

"သန့်တယ် မဟုတ်လား"

ဒါဒ့ါလက်ထဲက လက်ကိုင်ပုဝါကိုလည်း ယူသေး ဇီဇာကလည်း ကြောင်နေသေးတဲ့ ဆိုက်ပိ။ ဒါဒါ မဖြေသေးပဲ အသာလေး ငြိမ်နေလိုက်သည်။

"ကျစ် ... မာမီတစ်ယောက် ဘာတွေ လုပ်ပေးလိုက်မှန်းမသိ"

ဆိုက်ပိတစ်ယောက် ပွစိပွစိနဲ့ နားထင်က အုန်းဆီတွေ လက်ကိုင်ပုဝါနဲ့ သုတ်ပြီးချိန်မှ ဒါဒါ ညစ်ကျယ်ကျယ် ပြုံးလိုက်သည်။

"အဲဒါ ... ငါ စောနက နှပ်ညစ်ထားတာ "

"အာ"

ဒါဒ့ါစကားတောင် မဆုံးသေး လက်ကိုင်ပုဝါကြီးကို ဆတ်ခနဲ လွှတ်ပစ်လိုက်သော ဆိုက်ပိ။

"ဟားဟ"

ဆိုက်ပိ ဖြစ်သွားတဲ့ပုံကို ဒါဒါ ကျိတ်ရယ်နေတုန်း ဒိုင်းခနဲ ရောက်လာသော ဆိုက်ပိရဲ့မျက်စောင်း။

"အကျင့်ယုတ် ဂျိုထောင်မ"

"ဘာ"

ဆိုက်ပိခေါ်လိုက်တဲ့ အမည်ကြောင့် ဒါဒါ စိတ်ထဲ ထောင်းခနဲ။

"အောင်မာ ... နင်ကမှ ဆိုက်ပိ ... ယောကျ်ားလေးဖြစ်ပြီး မိတ်ကပ်ကပြာလို့ ... ခေါင်းကလည်း ခွက်တောကုလား ကျနေတာပဲ ... "

"ဟဟ ... အရူးမလိုလို ဘာလိုလို ဆံပင်ကြီး

တစ်ထောင်ထောင်နဲ့ ဂျိုထောင်မကပဲ ပြောရတယ်ရှိသေး ... ဂျိုထောင်မ"

"ဆိုက်ပိကောင်"

"ဂျိုထောင်မ"

နှစ်ယောက်သား ကျိတ်ရန်ဖြစ်နေတုန်း ဖျတ်ခနဲ ဒါဒါတို့ ဘက်လှည့်လာတဲ့ ကိုကို။

"ရှူး ... တိုးတိုး"

မျက်မှန်လေးနောက်က မျက်မှောင်လေးကြုတ်၊ လက်ညှိုးလေး နှုတ်ခမ်းရဲရဲလေးအရှေ့ ထောင်ပြီး ကိုကို ဝင်ဟန့်လိုက်တော့မှ ဒါဒါ တို့နှစ်ယောက် ဆူပုတ်ပုတ်နှင့် ငြိမ်သွားသည်။

မကြာခင် ဆုကြေညာသံ ထွက်လာတော့ ဒါဒါ အာရုံက ထိုအသံဆီ ရောက်သွားသည်။ အခန်းနားမှူး ဆရာမက ပြီးခဲ့သော စာသင်နှစ်ရဲ့ အတန်းစဉ်အလိုက် ထူးချွန်ဆုတွေကို တစ်ဆုချင်းစီ အရင် အော်နေ၏။

"သတ္တမတန်းတွင် ပထမဆုကို ထူးချွန်စွာ ရရှိခဲ့သော အဘ ဦးရန်လင်း၏သား မောင်ဇွဲမာန်လင်း ဆုယူရန် ဖိတ်ခေါ်အပ်ပါတယ်ရှင်"

အော်သံအဆုံးမှာ ဖျတ်ခနဲ ထရပ်လိုက်သော ဆိုက်ပိ။ ပြီးတော့ ဒါဒါ အရှေ့က ဖြတ်ထွက်ရင်း စင်ပေါ် ကော့ပတ်ကော့ပတ်နဲ့ တက်သွားပြီး ဆုသွားယူနေ၏။ ဒါဆို ဆိုက်ပိ အမည်က ဇွဲမာန်လင်းပေါ့။ အောင်မာ ဒင်းက ဘယ်ဆိုးလို့လဲ။ ဒီကျောင်းမှာ ပထမတောင် ရတယ်ဆိုတော့။ ဒါဒါ တစ်ယောက်တည်း တွေးနေတုန်း။

"သတ္တမတန်းတွင် ဒုတိယဆုကို ထူးချွန်စွာ ရရှိခဲ့သော အဘ ဦးပိုင်စိုး၏သား မောင်အာကာစိုး ဆုယူရန် ဖိတ်ခေါ်အပ်ပါတယ်ရှင်"

ထပ်အော်သံ အဆုံးမှာ ဒီတစ်ခါ ထသွားသူက ကိုကို။ အာကာစိုး ဆိုတဲ့ ကိုကို့အမည်ကို သိလိုက်ရလို့ ဝမ်းသာသွားပေမဲ့ ဒါဒါ့ စိတ်ထဲ သိပ်တော့မကျေနပ်။ ဟိုကောင် ဖွဲမာန်လင်း ဆိုတဲ့ ဆိုက်ပိက ပထမရပြီး ကိုကိုက ဒုတိယဖြစ်နေတာကိုး။ ကိုကို စင်ပေါ်တက်အသွား ဆုကြီးကိုင်ပြီး မြောက်ကြွမြောက်ကြွ ပြန်ဆင်းလာသော ဆိုက်ပိ။ အနား ပြန်ရောက်လာသော ဆိုက်ပိရှေ့ကို ဒါဒါဆတ်ခနဲ ခြေထောက်ကြီး ထုတ်ပစ်လိုက်သည်။

"ဟ"

"ဝုန်း"

ဒါဒါ့ ခြေထောက်ကြီး ဝင်တိုက်ပြီး ဟန်ချက် ပျက်သွားသော ဆိုက်ပိ။ ချက်ချင်း ဒါဒါ့ဆီ ရောက်လာသော ဆိုက်ပိရဲ့ဘုအကြည့်။

"Sorry"

ဒါဒါ လက်ကလေးထောင်ပြီး ပြုံးစိစိနဲ့ ခပ်တိုးတိုးလေး တောင်းပန်လိုက်တော့ ဆိုက်ပိ ခမျာ ဒေါသထွက်ရမလိုလို မထွက်ရမလိုလိုနဲ့ ငွကျလို့။

"နင်"

အဲဒါတောင် မကျေမနပ် လက်ညှိုးကြီးထိုးပြီး တစ်ခုခုပြောဖို့ ပြင်နေတုန်း ...

"သား ... ဖွဲလေး ... လာ ... အပြင်မှာ ဓာတ်ပုံရိုက်ရအောင်"

ရွှေတွေ တဝင်းဝင်းနဲ့ အနားရောက်လာသော အသားဖြူဖြူ အန်တီကြီး တစ်ယောက် လာခေါ်တဲ့နောက် ဆိုက်ပိတစ်ယောက် ပါသွားလေရဲ့။ ဆိုက်ပိ တင်မက စင်ပေါ်က ပြန်ဆင်းလာတဲ့ ကိုကိုလည်း တစ်ယောက်ယောက်က လာခေါ်သွားပုံရသည် ဒါဒါ့အနား ပြန်ပေါ်မလာတော့။ အခုတော့လည်း ဒါဒါ တစ်ယောက်တည်း ပြန်ဖြစ်သွားပြန်သည်။

***

"မလဲ့ရေ ... မိတ်ဆက်ပေးရဦးမယ်"

ဆုယူပြီး ခန်းမရှေ့မှာ မားနဲ့ ဓာတ်ပုံရိုက်နေတုန်း ဒါဒါတို့ အနား ရောက်လာသော အန်တီကြီး နှစ်ယောက်ပြီးတော့ ဆိုက်ပိကောင်။

"ဒါ မြို့ထဲက စိန်ဖူးငုံ ရွှေဆိုင်ပိုင်ရှင် မသီတာတဲ့ ... မသီတာ ဒါ ပညာရေး မှူးရုံးကို တစ်လောကမှ ပြောင်းလာတဲ့ ရုံးစာရေးကြီးကတော် မလဲ့လဲ့တဲ့"

"စာရေးကြီး ကတော်လား ... တွေ့ရတာ ဝမ်းသာပါတယ် အစ်မ ... ဒါ သီ တာ့သားလေ ... သားက နှစ်တိုင်း ဆုဝင်နေကျလေ"

"ဟုတ်လား ... တော်တာပေ့ါ ... ဒါကတော့ အစ်မသမီးပါ ... သမီးက လည်း အရင်ကျောင်းတွေမှာ ဆုချိတ်နေကျ ညီမရဲ့ ... ဒီကျောင်းမှာ အခုမှစ ဝင်တာ ဆိုတော့ နည်းနည်းတော့ အမီလိုက်နေရတယ်"

"ဟုတ်လား ... ဘယ်နှစ်တန်း ရောက်ပြီလဲ အစ်မ"

"၈ တန်းလေ ညီမ"

"ဒါဆို သားနဲ့အတူတူပဲပေ့ါ ... ဒါနဲ့ အစ်မလည်း နီလာလမ်းမှာနေတာ မဟုတ်လား ... ညီမတို့လည်း နီလာလမ်းထဲမှာပဲ နေတာ"

"ဟုတ်လား ... ဘယ်နားတုန်း"

"လမ်းထိပ်မှာလေ အစ်မ"

"ဩော် ဟို တိုက်အိမ် အကြီးကြီးလား"

"ဟုတ်တယ် အစ်မ ... နောက် သမီးလေး စာတွေဘာတွေ မေးချင်ရင် အိမ် ကိုလွှတ်လိုက်နော်... အစ်မ"

"ဟုတ်ပါပြီ ညီမရေ ... "

လူကြီးတွေ မိတ်ဆက်နေတုန်း အမြဲမှုန်ကုပ်ကုပ် ဖြစ်နေတဲ့ ဆိုက်ပိကို မဲ့ရွဲ့ပြီး လျှာထုတ်ပြလိုက်တော့ ဆိုက်ပိ အသံမထွက်ပဲ ပါးစပ်တလှုပ်လှုပ်နှင့် "ဂျီထောင်မ" လို့ပြောနေ၏။ ဒါဒါလည်း အသံမထွက်ပဲ "ဆိုက်ပိကောင်" လို့ အံကြိတ် လှမ်းတုတ်လိုက်သည်။ တစ်ယောက် တစ်လှည့် ပွစိပွစိလုပ်နေတုန်း ...

"လာလာ ... ကလေးနှစ်ယောက် အမှတ်တရပုံ ရိုက်ရအောင်"

ဆိုက်ပိ အမေက ပြောပြောဆိုဆိုနဲ့ ဆိုက်ပိကို တွန်းလွှတ်လိုက်သလို မားကလည်း ဒါဒါ့ကို တွန်းပို့နေ၏။ အတူတူ ယှဉ်ရပ်လိုက်မှ ဒါဒါ အရပ်က ဆိုက်ပိထက် ခေါင်းတစ်လုံးသာနေ၏။

"ဂျပု"

အသံတိုးတိုးနဲ့ လှောင်လိုက်တော့ ဆိုက်ပိ ဒေါသထွက်သွား ပုံရသည်။ ဒါပေမဲ့ လူကြီးတွေ ရှေ့မို့လားမသိ ဘာမှမပြောပဲ အသာငြိမ်နေ၏။

"ကဲ ကလေးတွေ ရိုက်မယ် ... ဒီဖက်ကိုကြည့်"

ကင်မရာမန်း အော်သံကြောင့် ဒါဒါ အရှေ့ကိုကြည့်ပြီး ပြုံးပြုံးလေး လုပ်နေတုန်း ဆိုက်ပိ ဆတ်ခနဲ ဒါဒါ့ရဲ့ ထောင်နေတဲ့ ဆံပင်တစ်ဖက်ကို အဆွဲ။

"အ"

ဒါဒါ မျက်နှာကြီးရှုံ့ ခေါင်းကြီးမော့ပြီး ကိုးရိုးကားရား ဖြစ်သွားချိန်မှာ ...

"ဖျပ်"

ဖျတ်ခနဲ လက်သွားသော ကင်မရာမီး ...

***

အခန်း(၂)

မိုးသားကင်စင်နေသော အပြာရောင် မိုးသားကောင်းကင်ကြီး အောက်က စိမ်းလန်းစိုပြည် လှုပ်ရှားသက်ဝင် နေသော ကျောင်းတောကြီး။ လတ်ဆတ်သော လေညင်း၊ နွေးထွေးသော နေရောင်ခြည်များက အထက ( … .) ကျောင်းတော်ကြီးပေါ်သို့ အုပ်မိုးဖြာကျလျက်။

"ဒေါင် … ဒေါင်"

နေ့ခင်းမုန့်စားဆင်း အချက်ပေး ခေါင်းလောင်းသံ နောက်မှာ လှုပ်လှုပ်ရှားရှား ဖြစ်လာသော အထက်တန်း ကျောင်းကြီး။

"ဘေးကို … ဘေးကို"

နဝရတ်ဆောင် (ဒသမတန်း) ကျောင်းဆောင်ဖက်မှ ကော်ရစ်တာထက် ပျံ့နှံ့ဆူညံနေသော အသံလေးတစ်သံ။

"ဘေးကိုဖို့ … အမှိုက်ထုတ်ပါတယ် … အမှိုက်"

ပါးစပ်ကလည်း မပြတ်အော် လူအုပ်ကြားထဲ အတင်းတိုးဝှေ့ ပြေးထွက်နေသော ဒါဒါ။ ဂုတ်ဝဲဆံပင် တိုနနလေး တစ်ခါခါ၊ နဖူးထက် ချွေးတစို့စို့၊ လက်ထဲမှာလည်း ကြီးမားသော အထုတ်တွေ တကားကားနှင့် တစ်ခန်းဝင် တစ်ခန်းထွက် အမှိုက် လိုက်သိမ်းနေတဲ့ ဒါဒါ။

"ဟဲ့ ဒါဒါ … ဒီနေ့ အမှိုက်သိမ်းတာ နင့်ဂျူတီလား"

ဒသမတန်း B ခန်းထဲက ကျောင်းသူလေး တစ်ယောက်က အမှိုက်ထုတ် ကမ်းပေးရင်း တအံ့တသြ မေးလိုက်တော့ အမှိုက်လိုက်သိမ်းနေသော ဒါဒါ

တစ်ယောက်လှစ်ခနဲ တစ်ချက်ပြုံးပြပြီး ...

"No No ... ဒီနေ့ A ခန်းက မိရွှန်းလဲ့တို့အလှည့်"

"ဟင် ... အဲ့ကို နင်က ဘာလို့"

"ဟဲဟဲ ... သူတို့က အမှိုက် ၁ထုတ် ၅၀၀ ပေးမယ်တဲ့လေ"

"ဟော ... မိဒါဒါ တို့ကတော့ "

"ကဲ ပေးစမ်းပါ အပိုတွေ လုပ်မနေနဲ့ ... ငါ မုန့်ဈေးတန်း အမီသွားရဦး မယ်ဟ"

ဒါဒါ ဆတ်ခနဲ အမှိုက်ထုတ်ကို ဆွဲယူပြီး နောက်တစ်ခန်း ဆက်လိုက်သည်။ တစ်ခန်းဝင် တစ်ခန်းထွက်နှင့် အခန်းစုံသွားတော့ ဒါဒါ့လက်ထဲ အမှိုက်ထုတ်တွေ ပြည့်နေပြီ။

"ဘေးကို ... ဘေးကို နော် ... ဘေးမကိုရင် အေးကိုနဲ့ ညားလိမ့်မယ် ... ရှောင်မပေးရင် သောင်ဌေးနဲ့ တွေ့လိမ့်မယ် ... ဘေးကို ဘေးကို "

"အရေးတည်း ငမည်းကောင် အေးကိုနဲ့ တရုတ်ပုတ် သောင်ဌေးကို ကြေညာနေသေး ... ဖယ်လိုက်ကြပါဟဲ့"

ထုံးစံအတိုင်း ပါးစပ်က ပေါက်ကရတွေ အော်နေတဲ့ ဒါဒါ့အနား လူတွေ ရှဲခနဲ။ ဟိ အတန်းထဲက ငကြောင်ကောင် အေးကို နဲ့ ဝက်ပုတ်မျက်မှေး သောင်ဌေး ပါဝါက ပြင်းသား။ ဒါဒါ လူရှင်းတာနဲ့ လှေကားပေါ်က အမြန် ပြေးဆင်း လိုက်သည်။ မုန့်ဈေးတန်းသွားဖို့ စိတ်လောနေတော့ ဒါဒါ ပျာယာခတ်နေပြီ။

"ဟဲ့ ဟဲ့ ... ဟိုမှာ ဇွဲ ... ဒီဖက်ကို လာနေပြီ"

"ငါ လက်ပြလိုက်မယ်"

"လုပ်မနေနဲ့ ဟိုက ကြည့်မှာမဟုတ်ပဲ"

"အဲ့ ... ဘေးကို ... ဘေးကို ... ဟင်"

လှေကားအဆင်းမှာ ဖြုန်းခနဲ တွေ့လိုက်ရသော ကျောင်းသူ တစ်အုပ်ကြောင့် အလောတကြီး ဆင်းလာတဲ့ ဒါဒါ ခြေလှမ်းပျက်သွားပြီး ...

"မားရေ"

"ဝုန်း"

"ဟဟ ... ဘာကြီးတုန်း"

အမှိုက်ထုတ် တစ်သိုက်နဲ့ လှေကားပေါ်က ပြုတ်ကျလာသော ဒါဒါ့ကို လှမ်းဖမ်းပေးမယ့်လူမရှိ။ အကုန်လုံး ရှဲခနဲ။

"အမား"

"ဗုန်း"

"ဟ ပိုက်ဆံတွေ ကောက်ကုန်ပြီ"

သံမံတလင်းနဲ့ ရင်ဘတ် အရှိန်ပြင်းပြင်း မိတ်ဆက် သွားပြီးနောက်မှာ ဒါဒါ မနာနိုင်အား။ ကားရားကြီး လဲနေရာကနေ အရှက်လွန်ပြီး ကပျာကယာ ကုန်းအထ ...၊ မျက်လုံးဒေါင့်ထဲ ဝင်လာသည့် ခြေဖမိုးတစ်စုံ။

အနက်ရောင် ကတ္တီပါ ဖိနပ်ပါးပေါ်က သွေးကြောစိမ်းများ တဖျတ်ဖျတ်ယှက်ပြေးပြီး ဖြူစင်သွယ်လျ သန့်ပြန့်နေသော ဒါဒါ့ ရှေ့မှ ခြေဖမိုးတစ်စုံ။

"နင် ဘာတွေ မွှေလာပြန်ပြီလဲ ... ဒါဒါထက် ... "

အနည်းငယ် မာဆတ်ဆတ် နိုင်ပေမဲ့ ရင်းနှီးကျွမ်းဝင်သော အသံကြောင့် ဒါဒါ ခေါင်းလေး ပိုငုံဝင်သွားပြီး မျက်နှာလေးရှုံ့တွ သွားမိသည်။

"သေစမ်း။ ကျားရှေ့မှ မှောက်ရက်လဲရတယ်လို့ မိဒါဒါရယ်"

ကိုယ့်ခေါင်းကို ကိုယ်ပြန်ထုရင်း ဒါဒါ အရှေ့မှ ခြေဖမိုးပိုင်ရှင်ကို မော့ကြ

ည့်ကာ သွားတစ်ချက်ဖြဲ၊ ကိုးရိုးကားရား လဲနေသည့်ကြားက လက်ပြလိုက်သေးသည်။

"ဟိုး ... ဇွဲ ... Hi "

အဖြူအစိမ်း ဝတ်စုံကို ကျော့မော့စွာ ဝတ်ထားပြီး ထုံးစံအတိုင်း သပ်ရပ်ကျော့ရှင်း နေသူက ဇွဲမာန်လင်း။

ဒါဒ့ါ မျက်စိရှေ့က ဇွဲမာန်လင်းက ငယ်ငယ်ကလို ပိန်ပိန်ပါးပါးနဲ့ ပိုးဟပ်ဖြူတစ်ယောက် မဟုတ်တော့။ ယောကျ်ားလေးတွေ သဘာဝအတိုင်း တစ်နှစ်နဲ့တစ်နှစ် ဆက်တိုက ဖွံ့ဖြိုးနေသော ဇွဲမာန်လင်းအရပ်က အခုဆို ဒါဒါထက် ခေါင်းနှစ်လုံး စာလောက်မက မြင့်ပြီး ထောင်ထောင်မောင်းမောင်းပြည့်ပြည့်ဖြိုးဖြိုး ဖြစ်လို့နေပြီ။ အရင်က ပါးလျပ်လျပ် ပိုးဟပ်ဖြူလို ဆိုက်ပိက အခု ကျောင်းမှာ ရေပန်းအစားဆုံး မင်းသားတစ်ပါး ဖြစ်လာလိမ့်မယ်လို့ ဒါဒါ လုံးဝ မထင်ထား။

ဇွဲ ရဲ့နောက်မှာ ချောမောမှု၊ ချမ်းသာ ကြွယ်ဝမှုအပြင်၊ မာနမင်းသားဆိုသော ဂုဏ်ပုဒ်က တောက်လျှောက် ကပ်ပါနေသူ။ ထိုအရာကပင် ဇွဲမာန်လင်း ဆိုသော သူ့ရဲ့ ဆွဲဆောင်မှု တစ်ရပ်ဖြစ်စေသည်ဟု မရှူးမနှမ်းကောင်မလေးတွေ အားရပါးရ ဆိုကြသေးသည်။

"နင် တော်တော် အားနေတာလား ဒါဒါထက်"

ဇွဲ က သူ့စတိုင်အတိုင်း အနက်ရောင် မျက်ခုံးထူထူတွေကို ကုပ်ကွေးဝင်အောင်အထိ ဒီဒီ့ကို ကြည့်နေ၏။ သူ့ပုံစံက လုံးဝကိုကြည်ပုံမပေါ်။ အေးလေ။ နဂိုကတည်းက အသန့်ကြိုက်လွန်းတဲ့ မဟာ့ မဟာ ဇွဲမာန်လင်း အရှေ့မှာ အမှိုက်ထုတ်နဲ့ သွားပစ်လဲမှတော့ ဟိုက ဘယ်ကြည်ပ့ါမလဲ။

"မအားပါဘူး ... ငါ အလုပ်လုပ်နေတာ မမြင်ဘူးလား"

ဒါဒါ နှုတ်ခမ်းလေးဆူ ဖွဲ့ ဆီ မျက်စောင်းတစ်ချက် ဒိုင်းခနဲ လှမ်းထိုးလိုက်ပြီး လက်ကမ်းပေး လိုက်သည်။

"ငါ့ကို ထူဦး"

"မအားဘူး"

အမှိုက်တွေပေနေတဲ့ ဒါဒါ့လက်ကိုကြည့်ပြီး နှာခေါင်းရှုံ့ မျက်နှာလွှဲ၊ မသိချင်ယောင်ဆောင်ကာ မုန့်စျေးတန်းဖက် ထွက်သွားသော ဖွဲ့မာန်လင်း။ ဖွဲ့မာန်လင်း ထွက်သွားတာနဲ့ အနားမှ လူတွေလည်း ဘယ်ပျောက်ကုန်မှန်းမသိ။ ဒါဒါ့မှာသာ ပွကျဲနေတဲ့ အမှိုက်ထုတ်တွေနဲ့ တစ်ယောက်တည်း။

"ဖွဲ့မာန်လင်း ... အကျင့်ပုတ်ကောင် ... သွားတဲ့နေရာတိုင်း ခွေးဆွဲခံရပါစေ"

ပွစိပွစိ ကျိန်ဆဲရင်း လဲနေရာမှ ကုန်းထပြီး အမှိုက်ထုတ်တွေ ပြန်သိမ်းနေတုန်း။ မျက်စိရှေ့ ရောက်လာသော အရိပ်တစ်ခု ...

"အဆင်ပြေရဲ့လား"

ဒါဒါ့ ရှေ့ဖျတ်ခနဲ ဝင်ထိုင်ပြီး အပြုံးလွှလွှနဲ့ မေးနေသော သူတစ်ယောက်။ အနက်ရောင် ဘောင်ခတ်ထားတဲ့ ပါဝါမျက်မှန်လေးနောက်က မျက်ဝန်းနွေးနွေး တစ်စုံတွေ့တော့ ဒါဒါ ကြက်သေ သေသွားမိသည်။

"ကျောင်းတက်တော့မယ် ... အမှိုက်တွေ မြန်မြန် သွားလွှင့်ပစ်တော့လေ"

မျက်စိရှေ့က ပုံရိပ်က ပြန့်ကျဲနေတဲ့ အမှိုက်တွေ လိုက်ကောက်၊ အမှိုက်အိတ်ထဲ ပြန်ထည့်ပြီး ဒါဒါ့ဆီ ကမ်းပေးနေတော့မှ ဒါဒါ ပြန်အသိဝင်သွား၏။

"ကျေး ... ကျေးဇူး ... ကို ... အဲ့ အစ်ကို"

ကိုကို လို့ ယောင်ပြီး ထွက်တော့မယ့် ပါးစပ်ကို ဒါဒါ မနည်းပိတ်ကာ

လှမ်းပေးတဲ့ အမှိုက်ထုတ်တွေ ယူလိုက်သည်။

"ဟျောင့် အာကာစိုး ... ဆရာမ မင်းကို ရှာနေတယ်"

"အေး ... လာပြီ ... သွားဦးမယ်နော်"

သေချာတောင် မိတ်မဆတ်လိုက်ရ သေးခင်မှာပဲ နှုတ်ဆက် ထွက်သွား ပြန်သော ကိုကို။

"ဟုတ်"

လှေကားပေါ်တက်ပြီး ပျောက်ကွယ်သွားတဲ့ ကျောပြင်တစ်ခုကို နှမြော တသသနဲ့ လိုက်ငေးနေမိတုန်း။

"သွားရည် တများများနဲ့ အဲဒါ ဘာကို မျှော်နေတာလဲ"

"အ"

ဆတ်ခနဲ အနောက်ကနေ ဆောင့်အဆွဲခံလိုက်ရတဲ့ ဆံပင်။ ပြီးတော့ ဒါဒါ့ အနား ပြန်ရောက်လာသော ဇွဲ။

"ဒေါင် ... ဒေါင်"

"ဟင် ... သွားပြီ"

ဇွဲ ပြန်ရောက်တာနဲ့ ကျောင်းက ပြန်တက်သွားပြီ။ ဒါဒါ လူကျဲသွားတဲ့ မုန့် ဈေးတန်းလေးကို ကြည့်ပြီး ငိုမဲ့မဲ့ ဖြစ်သွားသည်။

"ငါတော့ မုန့်ငတ်ပါပြီဟာ"

တစ်ယောက်တည်း ရှုံ့တွတွလေး ဖြစ်နေတဲ့ ဒါဒါ့ကိုကြည့်ပြီး ဇွဲ စိတ်ပျက် လက်ပျက် ခေါင်းခါ၏။

"ရော့ ရော့ ဒီမှာ ဒါယူ ... ပေး လက်ထဲက အထုတ်တွေ"

ဒါဒါ့လက်ထဲက အမှိုက်ထုတ်တွေ လက်လွှဲယူပြီး အာလူးကြော် တစ်ထုတ်

နဲ့ cola တစ်ဘူးကို ဒါဒါ့လက်ထဲ ထည့်ပေးနေတဲ့ ဖွဲ့။ ဒါဒါ အခုမှ မုန့်ထုတ်ကြီးပိုက်ပြီး ပြုံးဖြီးဖြီး ဖြစ်သွားသည်။

"ဘာလဲဟ ... နင် ခုနက မအားဘူးဆိုတာ ငါ့အတွက် ဒါ သွားဝယ်နေတာလား"

"ဟုတ်တယ် ... မုန့်မစားရရင် မေရှောက်ဖုံ သံပုရာသီးစားရင်း လင်ပျောက်ရှာနေသလို ဖြစ်နေတဲ့ နင့် ရုပ်ကို မမြင်ချင်လို့ဟ"

ဘောက်ဆတ်ဆတ်ဖြေပြီး အမှိုက်ထုတ်တွေဆွဲကာ မှုန်ကုပ်ကုပ်နဲ့ ထွက်သွားတဲ့ ဖွဲ့။ ဖွဲ့ က အဲဒီလို။ အပြောသာမတတ်တာ ဂရုတော့စိုက်တတ်၏။ စကားနည်းပြီး ခပ်တည်တည် နေတတ်တဲ့ ဖွဲ့။ ကျောင်းမှာ မာနမင်းသားဆိုပြီး နာမည်ကြီးနေသူ ဆိုတော့ ဖွဲ့ မှာ အပေါင်းအသင်း မရှိ။ ဒါပေမဲ့ ဒါဒါ့အတွက်တော့ အနစ်နာ၊ အနွံတာခံတတ်သော သူငယ်ချင်း တစ်ယောက်။

"ငါ့ သယ်ရင်းလေးက အဲဒီလို စိတ်ထားဖြူနေလို့ ကောင်မလေးတွေ သဲသဲစွဲ ဖြစ်နေတာဖြစ်မယ် ... နောက်လည်း များများ အချစ်ခံရပါစေတော်"

ဒါဒါ ဖွဲ့ အနောက် စပ်ဖြဲဖြဲနဲ့ ခုန်ပေါက်လိုက်သွားပြီး ဆုတောင်းပေးလိုက်တော့ ...

"အပိုတွေ နင် စောနကတော့ ငါ့ကို ခွေးကိုက်ပါစေလို့ ကျိန်ဆဲနေတာ မဟုတ်လား ... ငါ့ကို မုန့်ဈေးတန်းထဲက ခွေးတွေ ဟောင်လိုက်တယ်"

မှုန်ကုပ်ကုပ်နဲ့ ဒါဒါ့ကို လှည့်မေးတဲ့ ဖွဲ့။ ဒါဒါ ဇက်ကလေးပုသွားပြီး ခေါင်းကို ကပျာကယာ ခါပြလိုက်သည်။

"အာ ... ဘယ်ကလာ ဖွဲ့ရယ် ... ငါ့ သယ်ရင်းလေးကို ကျိန်ဆဲပါ့မလား ... ဒီလောက် ချောမောနေတဲ့ ငါ့ သယ်ရင်းလေးကို ဟောင်တဲ့ အဲဒီခွေးတွေ မျက်စိမမြင်လို့ဖြစ်မယ် ... ဟီး"

"တော် ... နင့် အကြောင်းမသိရင် ခက်မယ်"

"ရော် ... တကယ်ပါဆို သယ်ရင်းလေးကလည်း"

"ငါ့ကို မထိနဲ့ ... နင့် လက်က အမှိုက်တွေနဲ့နံ့တယ်"

မျက်စောင်းကြီးခဲပြီး ပြန်လှည့်သွားတဲ့ ခွဲ ကို ဒါဒါ ပိုစ ချင်သွားသည်။

"ထိတယ်ဟာ ... ဘာဖြစ်လဲ ... ထိတယ်"

"ဟာ ... မိဒါဒါ ... နံတယ်ဟ ... ဝေ့ ... ဖယ်နော်"

ခွဲ ရဲ့ ပါးဖွေးဖွေးကို လက်နဲ့ သွားသုတ်လိုက်တော့ အသန့်ကြိုက် ခွဲ ခမျာ တွန့်တွန့်လူးပြီး ပြေးတော့သည်။

"ဟားဟ ... နေပါဦး ခွဲ ရ"

"မလုပ်နဲ့နော် ဒါဒါ ... ငါ ကန်ထုတ်မှာနော်"

"သယ်ရင်းလေးကလည်း ... လာပါ ... ဟားဟ"

ကျောင်းနောက်က အမှိုက်ပုံနားမှာ ဆယ်ကျော်သက်ဘဝရဲ့ အပူအပင်ကင်းပြီး လွတ်လပ်ပေါ့ပါးတဲ့ ရယ်မောသံတွေနဲ့ ဖုံးလွှမ်းခဲ့တော့သည်။ သို့ပေမဲ့ ထိုမြင်ကွင်းကို မနှစ်မြို့သော မျက်လုံးတွေနဲ့ အံကြိတ်ပြီး ကြည့်နေသူတစ်ယောက် ရှိနေတယ်ဆိုတာ မည်သူမှ သတိမထားလိုက်မိကြပါ။

***

အပြာရောင် ဆေးရောင်လွှင့် မိုးသား ကောင်းကင်ပြင်ကြီး အောက်က နေရောင်နုထွေးထွေး ပိုက်ထွေးထားသော ကမ္ဘာတစ်ခု။ နေရောင် ထွေးထွေးအောက်မှာ ပုန်းခိုနေသေးသည့် မိုးရေအချို့က လေအသင့်မှာ မြေပြင်ပေါ်သို့ ဝပ်တွား ကျဆင်းလို့နေ၏။ ခပ်ပြေပြေ တိုက်ခတ်နေသော လေညင်းလေးကြောင့် ယိမ်းနွဲ့ကကြိုးဆင်နေတဲ့ အဖြူရောင် လိုက်ကာစများ။ တလွှင့်လွှင့် လူးလွန့်နေသည့် အဖြူရောင် လိုက်ကာစများကြားက အဖြူရောင် ပုံ

ရိပ်လေးတစ်ခု။ အဖြူရောင် ရုပ်အင်္ကျီပါးလေး အတွင်းမှ ဖြူဝင်း စိုပြည်သော ကျောပြင်ကျယ် တစ်ခုပုံရိပ်က သက်ဝင်ပန်းချီကား တစ်ချပ်ပမာ လှပသေသပ်လွန်းလှ သောကြောင့် တိတ်တဆိတ် ငေးမောကြည့် နေမိစဉ်။ လေတစ်ချက် အသင့်၊ အလင်းတစ်ချက် အပွင့်မှာ တဖြည်းဖြည်း ရွေ့လျားလာသော ကျောပြင်။ တဖြည်းဖြည်း ပေါ်ပလာသော နှုတ်ခမ်းပါး တစ်စုံ။ တဖြည်းဖြည်း ထင်ရှားလာသော အပြုံးတစ်ပွင့်။ ဖြူစင်သော သွားတန်းကလေးများ ပေါ်သည်အထိ အားပါးတရ ပွင့်ဟလာသော အပြုံးလေးက လှပလွန်းတော့ အသိစိတ်ကို ငိုက်မြည်းကျစေခဲ့ပြီ။ လှပသေသပ်သော အပြုံးရဲ့ ညို့ငင်မှုနောက် သတိလက်လွတ် လိုက်ပါသွားမိခိုက် ...

"ဟဲ့ ဒါဒါ"

"ဖြန်း"

"အား"

ပါးပြင်ပေါ် ဖြန်းခနဲ ကျလာသော အေးစက်စက် အထိအတွေ့ကြောင့် ဒါဒါ ဆတ်ခနဲ လန့်နိုးပြီး ငေါက်ခနဲ ထထိုင်လိုက်မိသည်။

"ဟာ ... မား ... "

လေးကန်နေတဲ့ မျက်လုံးတွေ အတင်းပြူးပြဲပြီး ဖွင့်ကြည့်တော့ ခုနက အပြုံးလေး မတွေ့ရတော့ပဲ မြင်ကွင်းထဲ ရောက်လာသည်က ရှုပ်ပွ မှောင်မိုက်နေသော အခန်းကျဉ်းလေးနှင့် သစ်သားယောင်းမ လက်မှာကိုင် ပြီး ခါးထောက် ရပ်ကြည့်နေသော မား။

"လူယုတ်မာလို ပြုံးပြီး တခွီးခွီးနဲ့ အာ့ ဘာဖြစ်နေတာလဲ မိဒါဒါ "

ပစ္စုပ္ပန်ကို အသိစိတ်ပြန်ရောက်ပြီး ခုနက အိပ်မက်တစ်ခုမှန်း သိလိုက် တော့ ဒါဒါ့ ရင်ထဲ နှမြောတသသလေး ဖြစ်သွားသည်။

"သွားပြီ သွားပြီ မားရာ။ မား သိပ်ရက်စက်ပါလား။ ဒါဒါ့ ရဲ့ အိပ်မက်လှလှလေး မားမို့ ဖျက်ဆီးရက်တယ်"

ယောင်းမစာ အမိခံထားရပုံရှိသည့် စပ်ဖြင်းဖြင်း ပါးပြင်ကို ပွတ်ရင်း ငိုမဲ့မဲ့ ဖြစ်နေတဲ့ ဒါဒါ့ ကို မား တစ်စိမှ သနားပုံမရ။

"တော်စမ်း ... ၁၀တန်း ကျောင်းသူတဲ့ ... စောစောစီးစီးထပြီး စာကျက်မယ် ... အိမ်အလုပ်လေး ဝိုင်းလုပ်မယ် မရှိဘူး ... နေဖင်ထိုးအောင် အသားကုန်သေပြီး သွားရည်တမျှားမျှား ... တခွီးခွီး တဟိဟိနဲ့ ယောင်နေသေး ... မိဒါဒါ ညည်းအဆင့် ညည်းသိနော်"

"မားကလည်း ဒါဒါ့အဆင့် ၅၉ လေ ... ဒါဒါ သိပါတယ် ... ခဏခဏ မမေးနဲ့ မှတ်ထားလေ"

"ဘာ ... မိဒါဒါ ... "

ထပ်မြှောက်တက်လာသော မား ရဲ့ ယောင်းမကိုင် လက်တစ်ဖက် ...

"ဟာ မား ... ဟိုး ... ဟိုး ... လွန်မယ်"

ဒါဒါ ခုတင်ပေါ်က လှစ်ခနဲ ခုန်ဆင်းလိုက်ရသည်။

"ဟမ် ... မိပေါက်ကျော် ... အစကတော့ ဟုတ်မလိုလိုနဲ့ ကြီးလာလေ ပျက်လေပဲ ... ယောကျ်ားမကျ မိန်းမမကျနဲ့ ကိုယ့်ဘာကိုလည်း ငုံကြည့်ဦး ဘာလဲဆိုတာ"

အနောက်က မားရဲ့ အော်သံကို "မား မွေးထားတာပဲ မသိဘူးလား "လို့ ဒါဒါ ခွန်းတုံ့ပြန်မနေတော့ပါ။ မားရဲ့လက်ဆကို နောကျေနေတဲ့ သူဆိုတော့ နောက်ကျတဲ့ ခြေထောက်သစ္စာဖောက် အခန်းထဲက ကသောကမျော ထွက်ပြေးခဲ့ရသည်။

"ညည်း ဒီနှစ် ၁၀ တန်းမအောင်ရင် ကတုန်းတုန်းပြီး သီလရှင်ဝတ်ဖို့ ပြင်

ထား မိဒါဒါ"

ဒါတောင် မား အသံက ကပ်ပါလာသေး။ မား လက်ထဲကနေ လွတ်အောင် ထွက်ပြေးလာတာ နည်းနည်း ခြေသံပြင်းသွားတော့ ...

"အဟမ်း"

ဧည့်ခန်းထဲက သတင်းစာဖတ်နေသော ပါးဆီက ချောင်းဟန့် အချက်ပေးသံ ... .

"မောနင်း ... ပါး"

ဒါဒါ ကိုယ်ရှိန်တန့်လိုက်ပြီး ပါးကို မျက်နှာလို မျက်နှာရ လှမ်းနှုတ်ဆက်လိုက်ပေမဲ့ ပါးက သတင်းစာဖတ်မပျက် ...

"မောနင်းပါ ချစ်သမီးချောလေး အာဘွား"

ဆိုပြီး အပိုတွေမပြော။ အသံလေးနဲ့တောင် သမီးတော်ကို လှမ်းအဖတ်မလုပ်။ ဒါဒါ နှုတ်ခမ်းလေးသာ ထော်ရင်း အိမ်နောက် ရေချိုးခန်းထဲ ကုပ်ကုပ်ကလေး ဝင်လိုက်သည်။

ရေမိုးချိုး အဖြူအစိမ်းလေး ကပျာကသီလဲပြီး ဒါဒါ စာကြည့်စားပွဲဆီ လှမ်းလိုက်သည်။ စားပွဲပေါ်မှာ စာအုပ်တွေ၊ ဘောပင်တွေရှုပ်ပွ နေသည့် အပြင် နေရာယူထားသော ဓာတ်ပုံလေးတစ်ပုံ။

ဇွဲ နဲ့ စတွေ့တုန်းက ဓာတ်ပုံလေး။ ဒါဒါ့ရဲ့ ဆံပင်တစ်ဖက်ကို ဆွဲလိုက်ရလို့ ကျေနပ်နေတဲ့ ဇွဲ ရဲ့ ရှားရှားပါးပါးအပြုံး နဲ့ ဒါဒါ့ရဲ့ ကပိုကရို ပုံရိပ်။ ကိုးရိုးကားရား နိုင်လွန်းတဲ့ ဓာတ်ပုံလေးကိုတွေ့တိုင်း ဘာရယ်မဟုတ် ဒါဒါ ပြုံးမိသည်။

ကျောပိုးအိတ်လေး စားပွဲထောင့်မှာခံရင်း စားပွဲပေါ်ပွရှုပ်နေတဲ့ စာအုပ် အပုံလိုက်ကို လက်နဲ့သပ်ချလိုက်သည်။ နောက်ဆုံးအနေနဲ့ အခန်းဝက

ကိုယ်လုံးပေါ်မှန်ထဲ ဖျတ်ခနဲ တစ်ချက် စောင်းငဲ့ကြည့်ပြီး ...

"ချစ်ဖို့ ကောင်းလိုက်တာနော် ... မွမွ"

ကိုယ့်ကိုယ်ကိုယ် ပြုံးပြုံး ပြုံးပြုံးနဲ့ မှတ်ချက်ပေး ... ထမင်းစားခန်းထဲ ကော့ပတ် ကော့ပတ် ဝင်လာလိုက်သည်။ ပေါလစ်ရောင် ပြောင်နေတဲ့ ထမင်းစားပွဲပေါ်မှာတော့ ဒါဒါ့ အကြိုက် ပေါင်မုန့်မီးကင် ပူပူလေးနဲ့ ကျဆိမ့် လက်ဖက်ရည်လေးက အသင့်။ ဝမ်းသာအားရ ထိုင်ခုံဆွဲ ဝင်ထိုင်ပြီး အားရပါးရ လွေးမလို့ပဲရှိသေး ဖျတ်ခနဲ မျက်နှာချင်းဆိုင်ခုံမှာ ဝင်ထိုင်လိုက်တဲ့ မောင်တော် မျက်ပြူ ခေတ်သစ်။

"ဒါဒါ ... နင် ငါ့ကို ၃၀%တော့ ပေးသင့်တယ်"

ခုံအောက်က ဒါဒါ့ ခြေထောက်ကို လှမ်းကန်ပြီး အရင်းမရှိ အဖျားမရှိဆိုသော ခေတ်သစ် စကား။

"ဘာလဲဟ"

ဒါဒါ မျက်မှောင်ကြုတ်ကြီးနဲ့ ပြန်မေးလိုက်တော့ သကောင့်သား ခေတ်သစ်က ကျောခိုင်းပြီး ဟင်းချက်နေသော မားဆီ ခိုးကြောင်ခိုးဝှက် လှမ်းကြည့်လိုက်သေး။ ပြီးတော့မှ ဒါဒါ့ အရှေ့မျက်နှာကြီး ကပ်လာကာ လေသံတိုးတိုးနှင့် ...

"နင် မနေ့က ဘုရားကုန်းမှာ ဟိုကောင် ငထိုက်တို့နဲ့ ဖဲသွားဆော့တာ နိုင်လာတဲ့ သတင်း ငါ ကြားထားတယ်"

"ဖူး ... အဟွတ်"

ခေတ်သစ် စကားကြောင့် ဒါဒါ့ ပါးစပ်ထဲက လက်ဖက်ရည် တစ်ငုံ အကုန် ပြန်ထွက်ပြီး အရှေ့က ခေတ်သစ် မျက်နှာပေါ် ဖွားခနဲ။ ခေတ်သစ်ခမျာ မျက်နှာကြီး ဒေါသနဲ့ နီရဲသွားပေမဲ့ ထတော့မအော်။ ဒါဒါ့ ကို ဘုကြည့်ကြ

ည့်ပြီး စားပွဲပေါ်က တစ်ရှူး တစ်ရွက် ဖြန်းခနဲ ဆွဲထုတ် အသံတိတ်နဲ့ အံကြိတ်ကြိတ်ပြီး ပြန်သုတ်နေ၏။

"တောက် ... ... ကောင် ငထိုက် ချွန်လိုက်ပြန်ပြီ"

ရှုံးမဲမဲပြီး သေစ်ကို ချွန်လိုက်သော ငထိုက် ...

ဒါဒါ ခပ်တိုးတိုး ကျိန်ဆဲ ပစ်လိုက်သည်။

"ကဲ အပိုတွေ လုပ်မနေနဲ့ ပေးမယ် ပေးမယ် ... နင် နိုင်လာတာ ၅၀၀၀ ဆိုတော့ ၃၀% ၁၅၀၀ပေး"

"အောင်မာ ... အာ့ ငါ့ဘာသာ နိုင်တာလေ ... နင်နဲ့ဘာဆိုင်လို့လဲ"

"ဩော် ဟော်ဟော် ငါနဲ့မဆိုင်ဘူးပေါ့ ... ရတယ်လေ ဒါဆို မားနဲ့ ဆိုင်ရင် ဆိုင်မှာနော်။ မားရေ ... မား သမီးလေ ... ဖဲ ဖဲ ... အု အဟု"

ဒါဒါ ရမလားလို့ ဖိဟောက်လိုက်ပေမဲ့ သကောင့်သား သေစ်က အာဖြဲကြီးဖြင့် မားကို လှမ်းခေါ်နေတော့ ဒါဒါ အလန့်တကြား လက်ထဲက ပေါင်မုန့်ကင်ကြီး သေစ် ပါးစပ်ထဲ ထိုးထည့်ပစ်လိုက်သည်။

"အာ ... ပေးမယ် ... ပေးမယ်ဟ ... နောကောင်ရ"

"ဟက်ဟက် ... မပေးလို့လည်း ရရိုးလားလို့"

ချက်ချင်း စပ်ဖြီးဖြီး ဖြစ်သွားသော သေစ်။ ဒါဒါ မကျေမချမ်း မျက်စောင်းဒိုင်းခနဲ လှမ်းထိုးလိုက်ပေမဲ့ လက်က ကျောပိုးအိတ်ထဲက ပိုက်ဆံအိတ်လေး ဆီ တုန်တုန်ရင်ရင် ရောက်သွားရပြီ။

"ငါ့မှာ Phone ဝယ်ဖို့စုထားတာကို ... ရော့ ရော့ "

သေစ် လက်ထဲ ရောက်သွားတဲ့ ထောင်တန်လေး နှစ်ရွက်ကို မျှော်ကြည့်ရင်း ငချွန်ကောင် ငထိုက်ကို စိတ်ထဲ တေးထားလိုက်သည်။

"ဟဲဟဲ အာ့ကြောင့် မမကို ချစ်နေရတာ ... ဘိုင့်ဘိုင့်"

"ဟဲ့ဟဲ့ အောင်မာ နင့်ကို ၁၅၀၀ ပဲပေးတာလေ၊ ၅၀၀ ပြန်အမ်းခဲ့"

သေစ် လက်ထဲပိုက်ဆံရတာနဲ့ လစ်ဖို့ပြင်တော့သည်။ ဒါဒါ ဆတ်ခနဲ ငသစ် ကျောပိုးအိတ်ကြီး လှမ်းဆွဲလိုက်ပေမဲ့မရ။ ခြေတံရှည်သလောက် လျှင်လွန်းသည့် ငသစ် ... ချက်ချင်း အိမ်အပြင် ရောက်သွားပြီ။

"I love U မမ၊ ဝေါ်အိုက်ညီ"

ထောင်တန် ၂ ရွက်ကို တဖျပ်ဖျပ်နဲ့ ခါပြပြီး စက်ဘီးနင်း လစ်ပြေးသွားသော ငသစ်နောက် ဒါဒါ လိုက်မမီတော့။

"ကြည့်စမ်း ကြည့်စမ်း ... ငါ့ကို ပတ်သွားတာ ကြည့်စမ်း၊ တော်တော်လည်တဲ့ ကောင်၊ ငသစ်အကျင့်ပုတ်"

ဒါဒါ့မှာ ကြိတ်မနိုင်ခဲမရဖြစ်ပြီး ခုန်ဆွ ခုန်ဆွ ကျန်ခဲ့ရုံမှလွဲ၍ ဘာမှ မတတ်နိုင်။

"ကဲ မိဒါဒါ စားပြီးသောက်ပြီးရင် ကျောင်းမြန်မြန် ကွတော်မူဟေ့ ... မျက်စိတွေနောက်လို့ "

ဒီကြားထဲ မား ကတစ်မျိုး။ ဒါဒါ့ ကိုဆို ကြည့်လို့ရပုံမရ ...

"သွားမှာပါ သွားမှပါ မားကလည်း ဒါဒါ့ကို မနှင်ပါနဲ့"

မားကို နှုတ်ခမ်းတလန် ပန်းတစ်လန်နဲ့ ရန်တွေ့ပြီး ပေါင်မုန့်ကင်တွေ ပါးစပ်ထဲထိုးထည့်၊ လက်ဖက်ရည် တစ်ကျိုက်တည်း မော့ချပြီး

ကျောပိုးအိတ်လေးလွယ် စက်ဘီးလေး ထုတ်ကာ အိမ်က ထွက်လာခဲ့လိုက်သည်။

***

"ဟင် ... ဘာလဲဟ"

လမ်းထိပ်က ဖွဲ့ တို့ တိုက်အိမ်ကြီး အနားအရောက် အိမ်အရှေ့မှာ ကုန်း

ကုန်းကွကွနဲ့ ရစ်သီရစ်သီလုပ်နေသော ကောင်မလေး တစ်ယောက် မြင်လိုက်ရတော့ ဒါဒါစက်ဘီးကို ရပ်လိုက်သည်။

"ဒီမှာ"

"အမလေး ... ဗွဲ ရဲ့"

ဒါဒ့ါ ခေါ်သံကြောင့် လန့်ဖျပ် တုန်တက်သွားသော ကောင်မလေး။ ယောင်သံကလည်း အထူးအဆန်း။

"နင် ဒီမှာ ဘာလုပ်နေတာလဲ"

ဒါဒါ မေးလည်းမေး ကောင်မလေးကို သေချာကြည့်လိုက်မိသည်။ ဒီကောင်မလေးကို ဒါဒါ မြင်ဖူးနေသလိုလိုပင် ...

"နင်က"

ဒါဒါ ဝေဝါးနေတုန်းမှာပဲ လှစ်ခနဲ ဒါဒ့ါကို ပြုံးပြသော ကောင်မလေး။

"ငါနာမည် မွန်းပါ ... "

"အား ... ငါသိပြီ ... နဒီမွန်း ... A ခန်းက မဟုတ်လား"

ကောင်မလေး အစဖော်လိုက်မှ ဒါဒါ သတိရသွားပြီး ထအော်လိုက်မိသည်။ ကောင်မလေးက နှစ်လိုစွာပင် ပြုံးပြီး ခေါင်းညိတ်ပြ၏။

နဒီမွန်း။ နဒီမွန်း ဆိုတာ ကျောင်းမှာ ယောကျ်ားလေးတွေ ဝိုင်းဝိုင်းလည်နေတဲ့ A ခန်းက နာမည်ကြီး အလှနတ်ဘုရားမ။ အနက်ရောင် ဆံနွယ် အိအိရှည်ရှည်လေးတွေကို ကျစ်ဆံမြီးလေး နှစ်ဖက် ကျစ်ထားပြီး မျက်ဝန်းနက်နက် နှာတံစင်းစင်းလေးနဲ့ နှင်းဆီဖူးရောင် နှုတ်ခမ်း ဖူးဖူးလေးရယ်၊ ဖြူစင်ဝင်းပသော အသားအရေ လှလှနဲ့ အချိုးအဆစ် ကျလွန်းတဲ့ ခန္ဓာကိုယ်ရယ် ပိုင်ဆိုင်ထားတဲ့ နဒီမွန်းက နာမည်ကြီးလည်း ကြီးလောက်ပါသည်။

နဒီမွန်းနဲ့ယှဉ်ပြီး ဒီဒီ ကိုယ့်ကိုယ်ကိုယ် ပြန်ကြည့်မိသည်။ မတူ။ လုံးလုံးမျှ

မတူ။ ဂုတ်ထောက်ဆံပင် တိုနနနှင့် နဒီမွန်းထက် ခေါင်းတစ်လုံး ပိုနိမ့်သော ဒါဒါရဲ့အရပ်အမောင်း။ ဒေါင်းတိမောင်းတိနဲ့ ဖရိုဖရဲနိုင်လှသော ဒါဒ့ါပုံက လားလားမျှ မိန်းကလေးမဆန်။ သိမ်မွေ့မှု မြူတစ်မှုန်စာပင်မရှိ။ ပြီးတော့ နဒီမွန်း မိဘတွေက မြို့မျက်နှာဖုံး အထက်တန်းစားတွေ။ အရာအားလုံး ဆန့်ကျင်ဘက် ဖြစ်နေတဲ့ နဒီမွန်းနဲ့ ကိုယ့်ကိုယ်ကိုယ် နှိုင်းယှဉ်ကြည့်လိုက်လျှင် ကျီးကန်းနှင့်ဘဲဥ သာသာ။ ဒီအချိန်မှာ ဘာမဆိုင်ညာမဆိုင် မိဘနှစ်ပါးကို အပြစ်တင်လိုက် မိသေးသည်။

"ငါ နင့်ကို စောင့်နေတာ"

အတွေးလွန်နေတုန်း နဒီမွန်း ဆီက အသံကြောင့် ဒါဒါ ဘေးဘီ ဝေ့ကြည့်လိုက်မိသည်။ ဒါဒါတို့ အနားမှာ ဘယ်သူမှမရှိ။ နဒီမွန်း ဘယ်သူ့ကို ပြောနေတာပါလိမ့်။ ဒါဒါ နဒီမွန်း ဆီ ကြောင်တောင်တောင်လေး ပြန်ကြည့်မိသည်။

"ငါ့ကို ပြောနေတာလား"

ဒါဒါ နားမလည်နိုင်စွာ ပြန်မေးတော့ နဒီမွန်း ခေါင်းကိုညိတ်ပြ၏။

"အမ် ... ဘာလို့စောင့်နေတာလဲ"

"နင်က ဇွဲ ရဲ့ သူငယ်ချင်း မဟုတ်လား"

"အွန်းလေ ... ငါ့နာမည် ဒါဒါထက်"

"နင့်ကို ငါ သိပါတယ် ဒါဒါ ... ပြီးတော့ နင်နဲ့လည်း ခင်ချင်နေတာကြာပြီ"

"အမ် ... ငါနဲ့ ... နင်က ... ခင်ချင်လို့"

ဒါဒါ အထူးအဆန်းဖြစ်ပြီး မေးလိုက်တော့ နဒီမွန်း ခေါင်းကို ပျာပျာသလဲ ညိတ်ပြနေပြန်သည်။

"ပြီးတော့ ငါ နင့်ကို အကူအညီ တောင်းစရာရှိလို့"

"အကူအညီ ... ဘာ အကူအညီလဲ"

"ငါ ... ခွဲ ကို ကြိုက်တယ်"

"အမ်"

ဗုဒ္ဓေါ ... ပွင့်လင်းလှချည်လား။ ဒါဒါ အတည်ပေါက်ကြီး ပြောနေတဲ့ နဒီမွန်းကိုကြည့်ပြီး ဘာပြောရမှန်းတောင်မသိ။

"ငါ ခွဲ ကို စွဲလမ်းပြီး ရူးသွပ်နေတာ ကြာပြီ ဒါဒါ ... ခွဲ နဲ့ နီးစပ်ချင်တယ် ... အဲဒါ"

"နင် ကူညီပေးနိုင်မလား ... "

နဒီမွန်း ဆီက မထင်ထားသော စကားတွေကြောင့် ဒါဒ့ါ မျက်ခုံးတွေ ပင့်ခနဲ။

***

## အခန်း(၃)

"ဟာ ငထိုက်"

ကျောင်းရောက်တာနဲ့ စက်ဘီး စတန်းထဲမှာ ဘွားခနဲ တွေ့လိုက်ရသော ငထိုက်။

"တွေ့မယ် ... ငချွန်ကောင်"

မနက်က ဒေါသ ငယ်ထိပ် ပြန်ဆောင့်တော့ ဒါဒါ စက်ဘီးပေါ်က မဆင်းပဲ ငထိုက်တည့်တည့်ကို အားကုန်နင်းချ လိုက်သည်။ စက်ဘီးသော့ ကုန်းခတ်နေတဲ့ ငနဲသား ငထိုက်က ဒါဒါ့ ကိုမမြင်။ စက်ဘီး သော့ခတ်ပြီး ငထိုက် ပြန်လှည့် ထွက်လာတာနဲ့ ဒါဒါ သူ့အနားအရောက်နဲ့ ကွက်တိ။

"ဒုန်း"

"အောင်. ... မလေးဗျ"

ငထိုက် ပေါင်ကြား တည့်တည့်ထဲ ဒါဒါ စက်ဘီးကို အရှိန်နဲ့ အုန်းခနဲ ဝင်တိုးတော့ ငထိုက်တစ်ကောင် ငယ်သံပါအောင်အော်ပြီး တွန့်တွန့်လူး သွား၏။

"မှတ်ပလား ငထိုက် ... အဲဒါ ငါ့ကို ချွန်ချင်ဦး"

ငထိုက် မျက်နှာကြီး ရဲပြီး ခုန်ဆွခုန်ဆွ ဖြစ်နေတုန်း ဒါဒါ စက်ဘီးသော့ ကပျာကယာခတ်ကာ ပြေးဖို့ပြင်လိုက်သည်။

"မိဒါဒါ ... နင် ... နင် မပြေးနဲ့"

"လုံးဝပဲ ... ပြေးပြီ"

ဒါဒါ ပြောလည်းပြော ပြေးလည်း ပြေးလေပြီ ...

"နင် ... ရပ်စမ်း ... ဒါဒါ နင် မပြေးနဲ့"

အနာရှိန်သေသွားတာနဲ့ ဒါဒါ့နောက် ပြေးလိုက်သော ငထိုက်။

"အား ... ... "

ဒါဒါ အပြေးနှုန်းကို အရှိန်မြှင့်လိုက်ပြီး ကျောင်းကို ပတ်ပြေးတော့သည်။

***

"အာကာရေ"

"ဗျာ"

ကျောင်းဆောင် အပေါ်တက်ဖို့ ပြင်နေတုန်း ဆရာမခေါ်သံကြောင့် အာကာ လှေကားထိပ်မှာ ရပ်နေလိုက်သည်။

"ဆရာမကို ဒီစာအုပ်တွေ စာကြည့်တိုက် သွားပို့ပေးပါလား သား"

"ဪ ... ဟုတ်ကဲ့"

ဆရာမ ဆီက စာအုပ်တစ်ပွေ့ကြီး လှမ်းယူရင်း အာကာ စာကြည့်တိုက် ဖက် ပြန်ထွက်လာခဲ့ လိုက်သည်။

"ဒါဒါထက် ... နင် မိလို့ကတော့"

စာကြည့်တိုက်သွားတဲ့ လမ်းချိုးလေး ရောက်တော့ ကြားလိုက်ရတဲ့ အော်ငေါက်သံနဲ့ အတူလှစ်ခနဲ ပြေးဝင်လာသော ကောင်မလေး တစ်ယောက်။

"ဟင် ... ကိုကို"

အာကာ အနားရောက်တော့ ကောင်မလေး ပါးစပ်မှ ထွက်လာသော တအံ့တဩ ခေါ်သံတိုးတိုးလေး။ အာကာ ရုတ်တရက် ကြောင်အ ကြည့်မိနေစဉ်

မှာ သူ့ကို ကျော်ပြီး အရှိန်နဲ့ ပြေးသွားသော ကောင်မလေး။ သူ့ကို လည်ပြန်လှည့်ကြည့်ပြီး ပြေးထွက်သွားတဲ့ ကောင်မလေးက အရှေ့က မှန်တံခါးဘောင်ကို တွေ့ပုံမပေါ်။

"ဟာ ... ဟေ့ ဟေ့ ရှေ့မှာ ... ရှေ့မှာ"

အာကာ အလန့်တကြား လှမ်းအော်သတိ ပေးလိုက်ပေမဲ့ နောက်ကျသွားပြီ။

"ဒုန်း"

"အ"

"ဟာ ... ကွဲပြီ"

ကောင်မလေး နဖူးနဲ့ တံခါးဘောင်နဲ့ ဆောင့်မိတဲ့အရှိန်က ပြင်းမပြင်းမသိ။ ဒုန်းခနဲ အသံက ကွန်ကရစ် လမ်းကိုတောင် တုန်သွားသလိုလို။ ကောင်မလေးခမျာ နာနာကျင်ကျင်အော်ပြီး ထိုနေရာမှာပဲ ခွေခနဲ ပြုတ်ကျသွားလေရဲ့။

"အာ"

အာကာ လက်ထဲက စာအုပ်တွေ ပစ်ချပြီး ကောင်မလေးဆီ အမြန်ပြေးသွား လိုက်သည်။

"ဘာ ... ဘာဖြစ်သွားလဲ ... ကွဲများသွားတာလား ... အစ်ကို့ကို ပြစမ်း"

ငထိုက် လက်ထဲက ပြေးနေတုန်း ကိုကို့ကို မြင်လိုက်လို့ လှမ်းငမ်းလိုက်မိတဲ့ ဒါဒ့ါခမျာ အုန်းဆိုတဲ့ အသံနဲ့ ထူပူသွားတဲ့ နဖူးပြင်ကြောင့် မိုက်ခနဲ ဖြစ်ပြီး ခွေကျသွားတုန်း အနားကို လှစ်ခနဲ ရောက်လာသော ကိုကို ...

"ကြည့်စမ်း ... သွေးထွက်သွားတာပဲ ... ဒုက္ခပါပဲ ... မင်း အရမ်းနာနေလား ... "

ဒါဒ့ါ နဖူးပြင်ကို လက်ဖဝါးနုနုလေးနဲ့ အုပ်မိုးပြီး စိုးရိမ်တကြီး မေးနေတဲ့ ကိုကို့ မျက်နှာနုနုလေး မြင်တော့ ဒါဒါ နာနေတာတွေတောင် မေ့သွားသလို လို ...

"ခေါင်းမူးနေလား ... မင်း ထနိုင်လား ကလေး"

ကိုကို့ ဆီကထွက်လာတဲ့ အခေါ်အဝေါ်လေး တစ်ခု။ ကလေးတဲ့။ နာနေ ရင်းကြားထဲက ဒါဒါ သွားကြီး ဖြဲသွားမိသည်။

"လာ ... အစ်ကို မင်းကို ဆေးပေးခန်းလိုက်ပို့မယ် ... လာ အစ်ကို့ကိုတွဲ ထ"

လက်တစ်ဖက်က ဒါဒ့ါနဖူးကို ဖွဖွလေးအုပ် ...၊ နောက်တစ်ဖက်က ဒါဒ့ါ ခန္ဓာကိုယ်ကို ထိန်းကူပေးနေတဲ့ ကိုကို့လက်တွေကို ဒါဒါအားကိုးတကြီး ဖက်တွယ်ပစ်လိုက်သည်။ ကိုကို့ရဲ့ ရင်ခွင်ကျယ်ကြီး ကြားထဲ ဒါဒါ တစ် ယောက် သွားကြီးဖြဲ ရင်တွေ တလှပ်လှပ်ခုန်ရင်း။

***

"ဒါဒါထက် ... ဒါဒါထက် နင်ဘယ်မှာလဲ ... ထွက်ခဲ့စမ်း ... ဘယ်ရောက် သွားတာလဲ"

ငထိုက်တစ်ယောက် ကွတကွတနဲ့ ကျောင်းတစ်ပတ် နှံ့သွားပေမဲ့ ဒါ ဒါထက်ကို အခုထိရှာမတွေ့သေး။ လျှင်လိုက်တဲ့ ဒါဒါထက်။ ခုနက ဒီ နားလေးတင် ပြေးသွားတာမြင်ပြီး ခဏလေးနှင့် ဘယ်လို ဘယ်လို မျက် ခြည်ပျက် ထွက်သွားမှန်းမသိ။

"တောက် ... မိဒါဒါထက် ... နင် တွေ့ရင်တော့လား"

ငထိုက် တောက်တခေါက်ခေါက်နဲ့ မကျေမနပ် ကြုံးဝါးနေတုန်း ဘွားခနဲ သူ့အရှေ့ရောက်လာ သူတစ်ဦး ...

"မင်းက ဘာကိစ္စနဲ့ ဒါဒ့ါကို ရှာနေတာလဲ"

မေးတဲ့ လေသံက မာလွန်းတော့ ငထိုက် တင်းသွားသည်။

"ဟျောင့် ... ဖွဲ ... မင်း ကိစ္စမဟုတ်ရင် လစ်လိုက်တော့ ငါ ဒါဒါထက်နဲ့ စာရင်းရှင်းစရာ ရှိတယ်"

"ဟက် ... ဒါဒ့ါကိစ္စက ငါ့ကိစ္စပဲဆိုတာ မင်း မသိဘူးလား ... အေး ... ရှင်းစရာရှိတဲ့ စာရင်း ငါနဲ့ရှင်းမယ်"

ပြောပြီး အနား လှစ်ခနဲ ရောက်လာသော အရိပ်တစ်ခု ...

"ဟာ"

ငထိုက်ခမျာ ရှောင်ချိန်တောင် မရလိုက်။

***

"ဆရာမ ... မချုပ်ရမှာ သေချာလို့လား ... ဒဏ်ရာက နက်သလားလို့"

ဒါဒ့ါ နဖူးကို ဆေးထည့်ပေးနေတဲ့ ဆရာမ အနားမှာနေပြီး တတွတ်တွတ်နဲ့ ဆရာလုပ်နေသော ကိုကို။

"မနက်ပါဘူး အာကာရဲ့ သေးသေးလေးပါဟဲ့ ... ဆေးထည့်ရင်ရပြီ"

"ဘာဆေးထည့်မှာလဲ ဆရာမ ... အရက်ပြန်အရင် ပွတ်ဦးနော် ... ပိုးဝင်ဦးမယ်"

"ဒီမှာလေ အရက်ပြန် မမြင်ဘူးလား "

"သွေးသေချာ သုတ်ရဲ့လား ... တော်ကြာ အနာထဲ အရက်ပြန်သေချာ မရောက်ပဲ နေ နေ"

"ဝွမ်း"

အနားမှာ ပေါက်ပေါက် ဖောက်နေသော ကိုကို့ကို ဆရာမ စိတ်ရှည်တော့

ပုံမရ ... .

"လာ ... လာ ... နင် တတ်နေရင် လာလုပ်လှည့်"

"ဟီး ... ကျွန်တော်က စိတ်ပူတတ်လို့ပါ"

လက်ထဲက ဇာဂနာကြီး ပစ်ချပြီး ဆရာမ ထရွဲ့တော့ ကိုကို မချိသွားဖြဲလေးနဲ့ အနောက်ဆုတ်သွား၏။ ဒါဒါ့မှာ အနာက မနာနိုင်အား။ စိတ်ပူတတ်တဲ့ ကိုကို့ကို ကြည့်ပြီး သနားလည်းသနား။ ရယ်လည်းရယ်ချင်။ အသည်းလည်း ယားလာ၏။

ဆရာမက အရက်ပြန်နဲ့ အနာဆေးတော့လည်း အနောက်ကနေ ရှုံ့တွနေတဲ့ ကိုကို့မျက်နှာလေး...

"ဟိ"

"ဘာလို့လဲ ... စပ်လို့လား ... စပ်မှာပေ့ါ ... ဖူး ... ဖူး"

ဒါဒါ မထိန်းနိုင်ပဲ ရယ်လိုက်မိတော့ အနာက စပ်တယ်ထင်ပြီး လေနဲ့လာမှုတ်ပေးနေ ပြန်သေး၏။ ဒါဒါ့ ခမျာ ဖြဲနေတဲ့ သွားတွေ ပြန်ကိုမစိနိုင်တော့။

ဆရာမက ဒဏ်ရာကို အပြီးသတ် ပလာစတာတစ်ခု ကပ်ပေးတော့လည်း မေးပြန်သေး၏။

"ဒါပဲလား" တဲ့။ ဆရာမ ကိုကို့ဆီ မျက်စောင်း ဒိုင်းခနဲ လှမ်းထိုးပြီး ...

"ဘာလဲ ... ဘယ်နှစ်ခု ကပ်ချင်လို့လဲ ပြော ... ဘယ်နားထပ်ကပ် ပေးရမလဲ ပြော"

"ဟုတ်ဘူး ... ပတ်တီးလေး ဘာလေး မစည်းရဘူးလားလို့"

"ရော့ စည်းချင် ယူသွား"

ဆရာမက ပတ်တီးလိပ်ကြီး ကိုကို့လက်ထဲ ရွဲ့ပြီးထိုးထည့် ပေးလိုက်တော့ ကိုကို ဇက်လေး ပုသွားပြန်သည်။ ဆေးပေးပြန်တော့လည်း ...

"ဆရာမ သုံးခွက်စာတည်းလား"

"တစ်ရက်စာလေ ... ဘာလို့လဲ"

"တော်ကြာ ကြားထဲမှာ နာ နာရင်"

"အာကာစိုး"

"ခင်ဗျာ"

ကိုကို့စကားတောင် မဆုံးလိုက် ဒေါသတကြီး ထအော်လိုက်သော ဆရာမကြောင့် ဒါဒါတောင် တုန်သွားသည်။

"နင် သွားမလား ... ငါ သွားရမလား ပြော" ဆိုပြီး ဂျူတီကုတ်ကြီး ထချွတ်လို့ ဒါဒါတို့နှစ်ယောက် ဆေးခန်းထဲက ပြေးခဲ့ရသည်။ ဆေးခန်း အပြင်ရောက်မှ တစ်ယောက်မျက်နှာ တစ်ယောက်ကြည့်ပြီး ရယ်ခဲ့ရသေး။ ဒါဒါ့ခများ ကိုကို့ အကြွင်နာနဲ့တင် ဒဏ်ရာကတစ်ဝက် ပျောက်လို့နေပြီ။

***

"ရော့ ... ဘယ်ဆေးက ဘယ်အချိန်လဲ မှတ်မိတယ်နော် ... ဒါဒါ ... "

"ဟုတ်"

ကျောင်းဆောင်ရှေ့ရောက်တော့ ဒါဒါ့ လက်ထဲဆေးတွေ ထည့်ပေးနေတဲ့ ကိုကို။ ဆေးခန်းမှာ နာမည် ပေးတုန်းက ဒါဒါ့အမည်ကို သိသွားပုံရသည်။ ကိုကို တရင်းတနှီး ခေါ်လို့နေ၏။

"ဒါဒါက B ခန်းက မဟုတ်လား ... ဖွဲ့ သူငယ်ချင်း မလေးလေ"

ကြည့်စမ်း။ ကိုကို ဒါဒါ့ကို သိသားပဲ။ ကိုကို သိနေတယ်ဆိုလို့ ဒါဒါဝမ်းသာအားရလေး ခေါင်းညိတ်အပြ ...

"ရှပ်ပျာရှပ်ပျာနဲ့"

နောက်ဆက်တွဲ စကားကြောင့် ဒါဒါ နင်သွားသည်။

"နောက် သွားတာလာတာ သတိထားသွားလာ ... ထိမိခိုက်မိရင် မလွယ်ဘူး ... အခုပဲကြည့်"

လူကြီးတစ်ယောက်လို ပွစိပွစိ လုပ်နေတဲ့ ကိုကို့ ရှေ့မှာ ဒါဒါ ငြိမ်နားထောင် နေလိုက်သည်။

"ဒါဒါထက်"

ထိုအချိန်မှာ ရောက်လာတဲ့ ငထိုက် ...

"ဟင်"

ဒါဒါ ပြုံးနေခဲ့ ငထိုက်ကိုမြင်တော့ လန့်ဖျပ်သွားပြီး ကပျာကယာ ကိုကို့အနောက် ဝင်ပုန်းနေလိုက်သည်။ ငထိုက် တစ်ယောက် ကွတကွတနဲ့ ဒါဒါ့အနားရောက်လာပြီး ... .

"Sorry ပဲ ဒါဒါ ... ငါ တောင်းပန်ပါတယ် ... ငါ့ကို ခွင့်လွှတ်ပါ"

"အမ်"

ရုတ်တရက်ကြီး ဒါဒါ့ကို တောင်းပန်နေတဲ့ ငထိုက်။ ငထိုက် မျက်နှာမှာလည်း ဖူးယောင်ပြီး ကွဲလို့ပြဲလို့ ...

"နင် နင် ဘာဖြစ်"

ဒါဒါ မေးမလို့ပဲရှိသေး တောင်းပန်ပြီးတာနဲ့ ငထိုက် ဒါဒါတို့ အနားကလှစ်ခနဲ ထွက်ပြေးသွား၏။

"ငထိုက် ... ဘာဖြစ်သွားပါလိမ့်"

ကြောင်တောင်တောင် အပြုအမူတွေနဲ့ ငထိုက် တစ်ယောက် ဘာဖြစ်သွားမှန်း ဒါဒါ စဉ်းစားမရ ဖြစ်နေတုန်း ...

"ဒါဒါ"

ဒေါသတကြီး ခေါ်သံနဲ့အတူ ဒါဒါတို့ အနားကို ရောက်လာသူက ဇွဲ ...

"ဇွဲရေ"

ဒါဒါ ဇွဲ ကို ဝမ်းသာအားရ လက်ကလေး ပြလိုက်ပေမဲ့ ဇွဲ ဒါဒါ့ကိုမကြည့်။ ဒါဒါ့အရှေ့က ကိုကို့ကို အလိုမကျ မျက်ဝန်းတွေနဲ့ ကြည့်ပြီး ကိုကို့ရှေ့ကို တန်းတန်းမတ်မတ် လျှောက်လာ၏။

"ဒါဒါ ... ဒီကို လာခဲ့"

ကိုကို့ အနောက်က ဒါဒါ့လက်ကို ခပ်ကြမ်းကြမ်း ဆွဲခေါ်လိုက်တဲ့ ဇွဲ ...

"ဟ ဇွဲရ ဖြည်းဖြည်းဟ ... "

ကိုကိုက စိုးရိမ်တကြီး ပြောလိုက်တော့ ချက်ချင်း တင်းမာ ခက်ထန်သွားတဲ့ ဇွဲ မျက်နှာ ...

"အဲဒါ မင်း ကိစ္စမဟုတ်ဘူး ... မင်း ဝင်မပါနဲ့ ... မင်း ကိစ္စ မင်းလုပ်"

လက်ထဲပါလာတဲ့ စာအုပ်တွေနဲ့ ကိုကို့ရင်ဘတ်ကို ပစ်ပေါက်လိုက်တဲ့ ဇွဲ ...

"ဇွဲ"

တစ်ခါမှ မမြင်ဖူးတဲ့ ဇွဲ မျက်နှာပေါ်က ဒေါသတွေနဲ့ ရိုင်းရိုင်းစိုင်းစိုင်း အပြုအမူတွေကြောင့် ဒါဒါ အလန့်တကြား ဖြစ်သွားမိသည်။

***

"လာ ... ဒါဒါ သွားမယ် ... နင့်ကို အိမ်လိုက်ပို့မယ်"

သူ့ကို စူးစူးရဲရဲကြည့်ပြီး ဒါဒါ့ကို ဆွဲခေါ်ကာ ထွက်သွားတဲ့ ဇွဲ ကို အာကာ မတားလိုက်နိုင်။ လမ်းမပေါ် ပြန့်ကျဲပြုတ်ကျနေတဲ့ စာအုပ်တွေမြင်မှ

အာကာ ဆရာမ ခိုင်းထားတာ သတိရသွားသည်။ ဟုတ်သား။ ဆရာမ စာကြည့်တိုက်ကို စာအုပ်တွေ ပို့ခိုင်းထားတာပဲ။ အာကာ စာအုပ်တွေ ကုန်းကောက်ရင်း နားထဲ ဝင်လာပြန်သော ဇွဲ စကားသံ။

"အဲဒါ မင်း ကိစ္စမဟုတ်ဘူး ... မင်း ဝင်မပါနဲ့ ... "

မှန်တဲ့စကားတစ်ခွန်း ဖြစ်ပေမဲ့ ဘာလို့ သူ လက်မခံနိုင်ဖြစ်နေမှန်း မသိ။ ဘာကို မကျေမနပ် ဖြစ်နေမှန်းကိုမသိ။ ရင်ထဲခိုးလိုးခုလုနှင့် အနေရခက်လှသည်။ ဘာ့ကြောင့် အနေရခက်နေလဲ သူမသိ။ ဘာကများ သူ့စိတ်ကို ပြုစားသွားပြီလဲ မသိ။

***

"တက် ဒါဒါ ... နင့်ကို ငါ အိမ်ပြန်ပို့မယ်"

ဒါဒ့ါ စက်ဘီးကြီးထုတ်ပြီး တက်ခိုင်းနေသော ဇွဲ ကြောင့် ဒါဒါ ဘာလုပ်ရမှန်းမသိ။

"ဇွဲ ... ဇွဲ ခ ... ခဏ ... ငါ ဘာမှမဖြစ်ဘူးလေ ... အိမ်ဘာလို့ပြန်မှာလဲ ... ကျောင်းတက်ရမယ်လေ"

"နင် စက်ဘီးပေါ် တက်မလား ... ဒါမှမဟုတ် ငါ ကုန်းပိုးပြီး ပြန်ပို့ရမလား ... ဒါဒါ"

မာဆတ်ဆတ် ဇွဲ အမေးကြောင့် ဒါဒါ ထပ်ပြီး ငြင်းမနေတော့။ မှုန်ကုပ်ကုပ်နဲ့ ဇွဲ ပုံက အတည်လုပ်မယ့်ရုပ်။

"တက်ပြီ ... ငါ တက်ပြီ"

ဆူပုတ်ပုတ်လေးနဲ့ စက်ဘီး အနောက်ခုံပေါ် တက်ထိုင်လိုက်တော့ ဇွဲ ဘာမှမပြောပဲ စက်ဘီးကို ကျောင်းထဲမှ နင်းထွက်လာ၏။ ဒီနေ့ ဇွဲ ဘာဖြစ်နေမှန်းမသိ။ ဘာတွေ ဒေါသထွက်နေမှန်းမသိ။ တစ်ခါမှ အဲဒီလို ဒေါသထွက်

ဖူးတဲ့သူ မဟုတ်တော့ ဒါဒါ ဓွဲ ကို သိပ်ပြီးအတိုက်အခံ မလုပ်ရဲ။ ဒါဒါ ငြိမ်နေတော့ အိမ်အပြန်လမ်းက တိတ်ဆိတ်လွန်းနေ၏။ အိမ်ရှေ့ရောက်တော့မှ ဓွဲ စိတ်ပြေသွားပုံရသည်။

"ဒီနေ့ ဘယ်မှ မသွားပဲ နားလိုက် ဒါဒါ ... ငါ ဆရာမကို ခွင့်တိုင်ပေးထားမယ် ... ဟုတ်ပြီလား"

အခုမှ ဒါဒ့ါ မျက်နှာကို သေချာကြည့်ပြီး ဆိုတဲ့စကား ...

"ဒဏ်ရာက နက်လား"

ဒါဒ့ါနဖူးက ပလာစတာလေး လက်နဲ့ကိုင်ပြီး စိုးရိမ်တကြီး မေးနေတဲ့ ဓွဲ ...

"ဘယ်ကလာ ... သေးသေးလေးပါ ဓွဲရ ... ငါ ဘာမှမဖြစ်ဘူး"

ဒါဒါ ခေါင်းကိုခါ လက်ကာပြရင်း ဖြေလိုက်တော့ ဓွဲ ပြုံးသည်။ ဓွဲ အပြုံးတွေက သိပ်တော့အားမပါလှ။

"မလှပါဘူးဆိုမှ အမာရွတ်ကြီး ကျန်ခဲ့ရင် ဘယ်လိုလုပ်မလဲ"

"ဘာကို ဘယ်လိုလုပ်ရမလဲ ဓွဲရ ... ငါ ဆံပင်တစ်ခြမ်းအုပ်ပြီး စနေမ လုပ်လိုက်မှာပေ့ါဟက် ဟက်"

ဓွဲ မျက်နှာ သိပ်မကောင်းလို့ ဟာသလုပ်လိုက်ပေမဲ့ ဓွဲ မရယ်ပါ။ ပြုံးတောင်မပြုံး။ ဓွဲ ဒီနေ့ ဘာဖြစ်နေမှန်းမသိ။

"ငါ ကတိပေးပါတယ် ဒါဒါ ... နောက် နင့်ကို ဘယ်သူကမှ မထိစေရဘူး"

မျက်နှာနွမ်းနွမ်းနဲ့ ဒါဒ့ါ ဒဏ်ရာကိုပဲ အရေးတယူလိုက်နေတဲ့ ဓွဲ။ ကြည့်ရတာ ဒါဒါ ဒဏ်ရာရလာလို့ ဓွဲ စိတ်မကောင်း ဖြစ်နေပုံရသည်။

"ဓွဲကလည်း ငါ ဒဏ်ရာရတာ နင့်ကြောင့်မှ မဟုတ်တာ ... နင် ဘာဖြစ် ... ဖြစ် ... ဟင် ဓွဲ"

ဒါဒါ အခုမှ တွေ့လိုက်ရသော ဇွဲ နူတ်ခမ်းဒေါင့်မှ သွေးစ အချို့နဲ့ ပေါက်ပြဲ ဒဏ်ရာ တစ်ခု။ ဒါဒါ ရင်ထဲထိတ်ခနဲ ...

"နင် နင် ဘာဖြစ်လာတာလဲ"

ဇွဲ မေးစေ့ကို ဖျတ်ခနဲ ဒါဒါ လှမ်းယူကြည့် လိုက်တော့ ဇွဲ ချက်ချင်း ခေါင်း ကိုလွှဲပြီး ဒဏ်ရာကို ကွယ်နေ၏။

"ဘယ်သူ လုပ်လိုက်တာလဲ ဇွဲ ... ပြောစမ်း ... နင့်ကို ဘယ်ကောင် လုပ် လိုက်တာလဲ ... "

ဇွဲ အဖြစ်ကို တွေ့ပြီး ဒါဒါ ဒေါသက ထောင်းခနဲ ...

"ဇွဲ ... ငါ မေးနေတယ်လေ ... ဘယ်ကောင်လုပ်တာလဲ ... ငါ သွားလုပ် မယ် ... အဲဒီကောင်ကို ... နှစ်ခြမ်းဖြပစ်မယ်"

လက်ရုံးလက်မောင်း တန်းပြီး မြှောက်ကြွကြွ ဖြစ်နေတဲ့ ဒါဒါ ...

"ဒေါက်"

"အ"

ဒါဒါ့နဖူးကို လက်ညှိုးနဲ့ ဆတ်ခနဲ တောက်လိုက်တဲ့ ဇွဲ ...

"ကိုယ့်ဘာကိုပဲ ဒဏ်ရာမရအောင်နေပါ အမိရယ် ... ငါ ဘာမှမဖြစ်ပါဘူး ... ဒီတိုင်း အငေးလွန်သွားပြီး တံခါးနဲ့ ဝင်ဆောင့်မိတာပါ"

ဇွဲ အဖြေကြောင့် ဒါဒါ ကိုယ့်နဖူးလေး ပြန်ကိုင်ပြီး ဇက်ကလေး ပုဝင်သွား သည်။ ကိုယ့်အဖြစ်နဲ့ တူနေတာကိုး။

"ဟီး ... ဟုတ်လား"

"ကဲ ... ဝင်တော့ ဒါဒါ ... ငါ ကျောင်းပြန်သွားရမယ်"

"ဟင် ... နေဦးလေ ... ငါ ဆေးထည့် ပေးဦးမယ်လေ"

"နောက်ကျနေပြီ ... ငါ့ဘာငါ ထည့်လိုက်မယ် ... ဝင်တော့"

တစ်ချက်လွတ် အမိန့်ချပြီး စက်ဘီးနင်း ထွက်သွားသော ဖွဲ့။ ဖွဲ့ မရှိတော့မှ နဖူးက ပလာစတာလေးစမ်းပြီး ကိုကိုနဲ့ ဆုံခဲ့ရတဲ့ မနက်လေးကို စားမြုံပြန်ရင်း ပြုံးစိစိဖြစ်သွား၏။

"အို ... ဒါဒါထက်ရဲ့ သာယာလှပသော မနက်ခင်းလေး မင်္ဂလာပါ ... အဟဟ"

မည်းမှောင်နေတဲ့ ကောင်းကင်ပြင်ကြီးကို မော့ကြည့်ပြီး ကြည်ကြည်နူးနူးလေး ရေရွတ်နေမိစဉ်...

"ဂျိမ်း ... "

"အား. ... သမီးမပါဘူး"

ခေါင်းထိပ်က လက်ခနဲ ဖြစ်သွားတဲ့ လျှပ်စီးကြောင်းနဲ့ မိုးခြိမ်းသံကြောင့် ဒါဒါ ဇက်လေးပု၊ ငယ်သံပါအောင် အော်ပြီး အိမ်ထဲပြေးဝင် လိုက်ရသည်။

***

ဘာ ... အဲဒါဆို နင်ဒီနေ့ ကျောင်းမလာတာ နေမကောင်းလို့ မဟုတ်ပဲ အချစ်ကားရိုက်ပြီး ကျောင်းပြေးတာပေါ့လေ ... "

မနက်က ကိုကိုနဲ့ ဆုံခဲ့တဲ့အကြောင်း ပြောလိုက်တာနဲ့ ဖူးပွင့် ပါးစပ်ထဲ လက်ဖက်အပြည့်နဲ့ ထအော်တော့၏။ ဖူးပွင့် ပါးစပ်ထဲမှ အကြော်စေ့တွေက ဒါဒါ့ရေးလက်စ စာအုပ်ပေါ် ဖွားခနဲ ... ဖွားခနဲ။

"အာ ... မိပွင့် ... နင့်ဟာတွေ ထွက်ကုန်ပြီဟ"

ဆီစွန်းတော့မယ့် စာအုပ်ကို ဒါဒါ ကပျာကယာ ထခါလိုက်ရသည်။ ဖူးပွင့်ကတော့ ဂရုမစိုက် မား သုတ်ပေးထားတဲ့ လက်ဖက်တွေ ထပ်ခပ်ပြီး ပါးစပ်ထဲ မဆန့်မပြဲ သွပ်နေပြန်သည်။ ကျောင်းပျက်ထားလို့ စာလာကူးပေးတယ်

ဆိုတဲ့ အကြောင်းပြချက်နဲ့ အိမ်လာပြီး လက်ဖက်သုတ်တွေ အသားကုန် လာနှိပ်နေတဲ့ ဝက်မ ဖူးပွင့်။

"အဲ့တော့ ... နင် ဇာတ်လမ်းဆက်လို့ ရတော့မယ်ပေ့ါ"

"ဒါပေ့ါဟ ... အခု ကိုကို ငါ့ကို သတိပြုမိသွားပြီ ... ဇာတ်လမ်းကတော့ မကြာမီလာမည် မျှော်ပေ့ါဟာ"

"ငတုန်းမ"

"အမ်"

ဒါဒါ ဖူးပွင့်ကို ဝမ်းသာအားရလေး ပြောပြနေတုန်း ပြစ်ပြစ်နှစ်နှစ် ဝင်ထောပနာပြုသူက မေသာကျော်။

"ဟဲ့ ကျော်ကြီး ... နင် ငါ့ကို ဘာပြောလိုက်တယ်"

အိမ်ရောက်ကတည်းက ဖူးပွင့်လို လက်ဖက်လည်း လာမစား၊ စာလည်း ဝိုင်းမကူးပေးပဲ အခန်းပြတင်းပေါက် ဘောင်ပေါ်မှာ မေးထောက်ပြီး ငေးနေတဲ့ မေသာကျော်။

"ငတုန်းမ ... ဒီကမ္ဘာမှာ နင့်လောက်တုန်းတဲ့သူ ရှိမှာ မဟုတ်ဘူး"

ဒါဒါ့တို့ဖက်ကို တစ်ချက်လေးတောင် လှည့်မကြည့်ပဲ ပြစ်ပြစ်နှစ်နှစ် ဝေဖန်နေတဲ့ မေသာကျော့်ကို ဒါဒါ တင်းသွားသည်။

"ဘလိုင်းကြီးပါလားဟ ... ငါက ဘာတုန်းလို့လဲ"

"တုန်းတာပေ့ါ ... တုန်းရုံတင်မဟုတ်ဘူး ... ကန်းလည်းကန်းသေး"

"ငါ ဘယ်မှာ ကန်းလို့လဲ"

"ကန်းတာပေ့ါဟ ... ဒီလောက် အနားမှာ အမိုက်စား ဖွဲ တစ်ယောက်လုံး ရှိနေတာကို နင်ကန်းနေတာလေ"

"အေး ... အဲဒါတော့ ငါထောက်ခံတယ်"

အရေးထဲ ဘုမသိဘမသိ ဝင်ထောက်ခံနေတဲ့ ဖူးပွင့် ...

"နင်ကလည်း ဖွဲ့က ဘယ်ကပါလာတာလဲ ... ဖွဲ့နဲ့ငါနဲ့က သူငယ်ချင်း အရင်းကြီးတွေကို"

"အေး ... အဲဒါကြောင့် နင့်ကို ငတုန်းမလို့ခေါ်တာ ... ဖွဲ့က နင်ကလွဲပြီး ဘယ်မိန်းကလေးမှ အရောဝင် အဖက်လုပ်တာ မဟုတ်ဘူးဟ ... နင့်နေရာမှာ ငါသာဆို ဟိုလေးလုံးထက် ဖွဲ့ကိုပဲ ရွေးမှာ ... ဖွဲ့ကိုပဲ ငါ့ရဲ့ မူပိုင်ရှင် ဖြစ်အောင် လုပ်ပစ်လိုက်မှာ"

"ငါရောပဲ ... ငါရောပဲ"

လုပ်ပြန်ပြီ ။ လက်ကြီးထောင်ပြီး အားရပါးရ ဝင်ထောက်ခံနေပြန်တဲ့ ဖူးပွင့် ... .

"ဟဲ့ သယ်ရင်းတို့ ... အိပ်မက်တွေ မက်မနေနဲ့ ... ဖွဲ့က ငါ့ကို သူငယ်ချင်း တစ်ယောက်ထက် မပိုသလို ... နင်တို့နဲ့လည်း မလိုက်ဘူး ... ဖွဲ့နဲ့လိုက်ဖက်တဲ့ မိန်းကလေးမျိုးက သပ်သပ်ရှိတယ်"

ပြောရင်း ဒါဒ့ါမျက်လုံးထဲ နဒီမွန်းကို သွားမြင်ယောင် လိုက်သည်။

"ဘယ်လိုမျိုးလဲ"

"ရှိတာပေ့ါဟာ ... ဖက်တီးမဟုတ် အရိုးခြောက် မဟုတ်တဲ့ ပြီးပြည့်စုံတဲ့ အလှပိုင်ရှင် မိန်းကလေးမျိုး"

ဖက်တီးဆိုတာ ဝဖိုင့်ဖိုင့်လေး ဖြစ်နေသော ဖူးပွင့်ကို ပြောခြင်းဖြစ်ပြီး အရိုးခြောက်ကတော့ ဒါဒ့ါထက် အနည်းငယ် ပိန်ပြီး အရပ်ရှည်သော မေသာကျော့်ကို ဆိုလိုလိုက်ခြင်းပင်။ ပြောမနာဆိုမနာတွေ ဆိုတော့ ဒါဒ့ါကို သူတို့ ထမဆဲ။ ဖူးပွင့်က နှာခေါင်းလေးရှုံ့ပြီး လက်ဖက် ပြန်စားနေသလို မေ

သာကျော်က အခုထိ အငေးမပျက်သေး။

"အရိုးခြောက်မှာလည်း နှလုံးသားရှိပါတယ် မိဒါဒါရယ် ... လူတစ်ယောက်ရဲ့ နှလုံးမှာ အခန်းလေးခန်း ရှိတယ်ဆိုရင် ငါ့ နှလုံးသား လေးခန်းလုံးမှာ အချစ်တွေနဲ့ပြည့် နေပါပြီ"

အဲ့လယ် ... စာတွေဘာတွေ ဆိုလို့ပါလား။ ဒီနေ့ ကျော်ကြီး ဘာဖြစ်နေလဲမသိ။

"နှလုံးသားရဲ့ အခန်းနံပါတ် ၁ မှာ ဂူဂျွန်ဖြိုး၊ အခန်း ၂မှာ ဆံဝါလေး၊ ၃ မှာ ဇွဲ ကိုသိမ်းထားပြီး ၄ မှာတော့ အဟင်းဟင်း. ... ဖွေးအုနုထွတ်နေတာပဲ ... အိုက်စ် ... နုထွားလေး ... ချစ်စရာလေး"

မေသာ အောက်ကို ငေးရင်း စပ်ဖြီးဖြီး သွားရည် တများများနဲ့ ဘာဖြစ်နေမှန်းမသိ။ ဘာကိုမြင်ပြီး သဘောကျနေလဲမသိ။ ဒါဒါနဲ့ ဖူးပွင့် တစ်ယောက်မျက်နှာ တစ်ယောက်ကြည့်ပြီး တိုင်ပင်မထားပဲ မေသာငေးနေတဲ့ပြတင်းပေါက် အောက်ကို ဝုန်းခနဲ အပြေးလေး သွားကြည့်မိတော့...

"ဟင်. ... "

အိမ်ဘေးမှာ ရေချိုးနေတဲ့ သူကို မြင်ပြီး ဒါဒါ မျက်လုံး ပြူးသွားသည်။

"ဟဲ့ ခေတ်သစ်"

"ဗျာ"

ဒါဒါ အော်ခေါ်လိုက်တော့ သီချင်း တငြီးငြီးနဲ့ ရေချိုးနေတဲ့ ခေတ်သစ်တုန်သွားသည်။ ကြည့်စမ်း ကြည့်စမ်း ... လက်စသပ်တော့ မေသာမရဲ့ခေါ်တော ၁ သိန်းအား မျက်လုံးတွေက ခေတ်သစ် ရေချိုးတဲ့ဆီ ရောက်နေတာကိုး။ အောင်မလေး ဒါဒ့ါမောင် နုနုထွတ်ထွတ်လေးကို ကြည့်စမ်း ဒင်းက။ မဖြစ် မဖြစ် ... ဒါဒါ ဒီကျော်ကြီး လက်က ခေတ်သစ်ကို ကယ်ရမည်။

"နင် ရေဘယ်မှာ လာချိုးနေတာလဲ ... ခေတ်သစ်"

"ဒီမှာပဲ ချိုးတာလေ"

"မချိုးနဲ့ သွား ... အိမ်ထဲက ရေချိုးခန်းမှာ ဝင်ချိုးစမ်း"

"အာ ... မချိုးချင်ပါဘူးဟ အိမ်ထဲက ရေတွေက ပူတယ်"

ဒါဒ့ါ စကားဘယ်တော့မှ နားမထောင်တဲ့ ခေတ်သစ်က ထုံးစံအတိုင်း ဘုကလန့်။

"နင်ကလည်း ချိုးပါစေ ... ကုသိုလ်ရပါတယ်ဟ"

အရေးထဲ မေသာနဲ့ တစ်လိုင်းတည်း ဖြစ်သွားသော ဖူးပွင့်ကပါ ပါးစပ်ကြီးဖြဲပြီး ဝင်ပြောနေ၏။

"နင့်မေကြီးဒေါ်မို့လို့ ကုသိုလ်ရရမလား ... ဟဲ့ သေစ် အိမ်ထဲ သွားချိုးဆိုချိုးလိုက် ... လျှာမရှည်နဲ့ သွားစမ်း ... ဘယ်နှယ့် ဧည့်သည်တွေရှေ့မှာ ဘောင်းဘီတိုနဲ့ ရေချိုးပြနေရသလား ... နင် မရှက်ဘူးလား"

"ဟ ... ယောက်ျားလေးပဲဟ ဘောင်းဘီတိုနဲ့ မချိုးလို့ ထဘီရင်လျှားနဲ့ ချိုးရမှာလား"

"အေးလေ ... ဒါဒါကလည်း ချိုးပါစေ ... ချိုး ချိုး သစ်လေး နင့်အစ်မကို ဂရုမစိုက်နဲ့ ... ဆက်ချိုး"

ဒါဒါ ရှေ့ကနေ ကာစီးကာစီး လုပ်နေတဲ့ မိပွင့်နဲ့ကျော်ကြီး ...

"မချိုးရပါဘူး ... သေစ် နင် ဝင်မလား မဝင်ဘူးလား"

"အာ ... သွားမယ်ဟ ... သွားပြီ ... ဒုက္ခပဲ ရေတောင်ဖြောင့်ဖြောင့် မချိုးရ"

ဒါဒါ မျက်လုံးကိုပြူး အံကြိတ်ပြလိုက်တော့မှ ခေတ်သစ် မှုန်ကုပ်ကုပ် ဘောက်ဆတ်ဆတ်နဲ့ ထွက်သွား၏။

"သေချာသွားနော် ... ငါ့ အခန်းနံပါတ် ၄ လေး"

"သစ်လေး. ... ငါတို့အိမ်က ရေ အေးတယ်ဟ"

ဒါတောင် အရှိန်မပြေသေးတဲ့ ဟိုနှစ်ယောက် ...

"ဘာ အခန်းနံပါတ် ၄ လဲ ... ဟမ် ... ၄ လည်းမရဘူး ၃ လည်းမရဘူး ... အကုန် cancel ... သွား ပြန်တော့ နှစ်ယောက်စလုံး ... အလကား စာကူး ပေးတာလည်း မဟုတ်ပဲနဲ့ ... ... သွား"

ဒါဒါ နှစ်ယောက်စလုံးကို ဂုတ်ကနေဆွဲပြီး ပြန်နှင်ရတော့သည်။ ဒါ တောင် ဆူဆူပုတ်ပုတ်နဲ့ ဒါဒါ့ကို ကျိန်ဆဲသွားသေး ...

"အလကား ... ကပ်စီးကုတ်မ"

"ကြည့်နေ ... နင် တစ်နေ့ ဝဋ်လည်လိမ့်မယ်" တဲ့။ ဟူး ... မလွယ် ... မလွယ်။ ဒီမောင်တစ်ယောက် နဲ့ အထိန်းရအသိမ်းရ ခက်လိုက်တာနော်။

***